ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလကွယ်၊ သောကြာနေ့ (1-8-2008) (၅၇၅၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဆွစ်ဇာလန်နိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁

၂၀၀၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆွစ်ဇာလန်နိုင်ငံသမ္မတ မစ္စတာ ပတ်(စ်)ကယ်ကူချီပင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lianfeng နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့သည် ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lianfeng နှင့် ဇနီး နှင့် ဒုတိယစစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက် ကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၁)နှစ်မြောက် နှစ်ပတ်လည် နေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ နှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး-သံရုံးယာယီတာဝန်ခံ Mr. Wang Zongying နှင့် ဇနီးနှင့် သံရုံးဝန်ထမ်းများ၊ စစ်သံမှူး Senior Colonel, Fan Lianfeng နှင့် ဇနီးနှင့် တာဝန်ရှိ သူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီး များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၈၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် အခမ်းအနား ကျင်းပနေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များဖြင့် တင်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မုန်တိုင်းသင့်ပြည်သူများအတွက်
စပါးမျိုးစေ့တင်း ၁၅၀၀ နှင့် ယာယီတဲ ၁၀၀ လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၁

မုန်တိုင်းသင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက နေ့စဉ် လှူဒါန်းလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့်ကြီးကြပ်ရေးအဖွဲ့သို့ အလှူရှင် Chiangmai Thanathon Co., Ltd. မှ ဥက္ကဋ္ဌ Mr. Bantoon Jirawattanakoon နှင့် ဇနီးနှင့် အဖွဲ့တို့က ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စပါးမျိုးစေ့ တင်း ၁၅၀၀ နှင့် ယာယီတဲ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁-၈-၂၀၀၈
(သောကြာနေ့)

မိုးစပါးများ ထွန်တုံးပိတ်စိုက်ပျိုး

ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး ကြိုးပမ်း

စိုက်ပျိုးရာသီဖြစ်သည်နှင့်အညီ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် မိုးစပါးများစိုက်ပျိုးနေကြသည်။ အချို့ဒေသများတွင် ရေတော် မိုးတော် မိုးစပါးများ ထွန်တုံးပိတ် စိုက်ပျိုးနိုင်ခဲ့ကြပြီဖြစ်သည်။ စပါးကို တစ်မိုးနှစ်သီး၊ မတ်ပဲ သို့မဟုတ် ပဲတီစိမ်းတစ်သီးနှင့် မိုးစပါး၊ ပဲ၊ နွေစပါး တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး အားထုတ်လုပ်ကိုင်နေကြသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် စိုက်ပျိုးရေရရှိရေး အပါအဝင် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ ထိုနည်းအတူ လက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ တိုက်ရိုက်မျိုးစေ့ချစက်၊ စပါးအခြောက်ခံစက်၊ ခြွေလှေ့စက်စသည့် လယ်ယာသုံး စက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ရေး အားပေးကူညီလျက်ရှိသည်။

တောင်သူလယ်သမားများအနေဖြင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးအတွက် အထွက်ကောင်း သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးကြရမည့်အပြင် စိုက်ပျိုးပြီး စပါးစိုက်ခင်းများတွင် လိုအပ်သည့် ဓာတ်မြေဩဇာနှင့် အခြေခံသွင်းအားစုများ အချိန်မီရရှိသုံးစွဲကြရန်လည်း လိုအပ်သည်။ ဓာတ်မြေဩဇာများကို စပါးစိုက်ပျိုးပြီးချိန်တွင် တစ်ကြိမ်၊ စိုက်ပျိုးပြီးနောက်ပိုင်းတွင် တစ်ကြိမ် အသုံးပြုရမည်ဖြစ်ရာ ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာများ စိုက်ပျိုးရာသီချိန်အတွင်း ရရှိအသုံးပြုနိုင်ရေး ထောက်ပံ့ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

ယခုအခါ မြန်မာ့လယ်ယာတစ်ခွင်၌ မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ သက်ဆိုင်ရာတိုင်းအလိုက် ရေတော် မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲများ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပနေကြပြီဖြစ်သည်။

ရန်ကုန်တိုင်းအနေဖြင့် မိုးစပါးစိုက်ဧက ၁၂ သိန်း လျာထားသတ်မှတ်ထားရာ ဧက ၁၁ သိန်းကျော် စိုက်ပျိုးပြီးစီးခဲ့သဖြင့် ဇူလိုင်လ ၃၀ ရက်နေ့က ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ ကျင်းပနိုင်ခဲ့သည်။ မိုးစပါးထွန်တုံးပိတ်ပွဲနှင့်အတူ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊၂၀၀၇-၂၀၀၈ လယ်ယာကဏ္ဍထူးချွန်ဆု ချီးမြှင့်ပွဲများကို ကျင်းပ၍ သီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်မှုထူးချွန်သည့် မြို့နယ်နှင့် စိုက်ပျိုးသူများအား ချီးမြှင့်အားပေးခဲ့သည်။

ဒေသခံတောင်သူလယ်သမားများက မုတ်သုံမိုးနှင့်အတူ မိုးစပါးများ အချိန်မီထွန်တုံးပိတ်စိုက်ပျိုးပြီးစီးရေး အားထုတ်ကြိုးပမ်းလျက်ရှိသကဲ့သို့ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စိုက်ပျိုးရေးကော်မတီများ၏ ပံ့ပိုးမှုဖြင့် ဓာတ်မြေဩဇာအပါအဝင် စိုက်ပျိုးရေးအခြေခံသွင်းအားစုများကို ဖြည့်ဆည်းပေးလျက်ရှိရာ သီးနှံအလိုက် တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စွာ ထွက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ၄လမ်းနေ ဦးမောင်မောင်-ဒေါ်မြစိန်အား အမှူးထား၍ ဦးဟံတင်-ဒေါ်သန်းသန်းဌေး၊ သမီး မစုလှိုင်ထွန်း၏ (၂၉)နှစ်မြောက် မွေးနေ့အလှူအဖြစ် အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးသိန်းထွန်းတို့ လက်ခံယူစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကျွမ်းကျင်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှထွန်းက ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ပိုမိုထိရောက် ထက်မြက်စွာအသုံးချနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံဗဟုသုတများ ပြည့်ဝရန် လေ့ကျင့်ပေးခြင်း၊ ကြံဆလုပ်ကိုင်ခြင်း၊ သုတေသနနှင့် လေ့ကျင့်ရေး လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်သွားကြရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာလုပ်ငန်း ကျွမ်းကျင်မှုကော်မတီဥက္ကဋ္ဌ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှညွှန်ကြားရေးမှူး ဒေါက်တာလင်းအောင်က ဝန်ကြီးဌာနအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုရန် ချမှတ်ထားသည့် ရည်မှန်းချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းရည်မှန်းချက်နှင့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ မှာကြားချက်များ ရှင်းလင်း

ရန်ကုန် ဇူလိုင် ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ခုနှစ် လုပ်ငန်းဆိုင်ရာ မှာကြားချက်များ ရှင်းလင်းပွဲနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဝန်ထမ်း သား၊ သမီးများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီက ပန်းဆိုးတန်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး လုပ်ငန်းဆိုင်ရာ မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထူးချွန်ကျောင်းသားများ ဂုဏ်ပြုပွဲအတွက် အလှူရှင်များက လှူဒါန်းသည့်ငွေများကို ဦးဆောင်ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာနှင့် လေးဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဦးဆောင်ညွှန်ကြားရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ **(အပေါ်ဓါတ်ပုံ)** ဆက်လက်၍ ကျန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၇/၂၀၀၈)အစည်းအဝေးကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ယခင်(၆/၂၀၀၈) အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုတင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသည့် အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပညာရည်ချွန်ဆု ချီးမြှင့်ရေးနှင့် စပ်လျဉ်း၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များသို့ သီးခြားအကြောင်းကြားစာ ပေးပို့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း
အသင်းလုပ်ငန်းများဆောင်ရွက်၊ စက်ရုံများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၂၇ ရက်တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိ ဖူးမြော်ကြည်ညိုပြီး စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေနှင့် စေတီတော်ဘက်စုံ ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ချောက်မြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် ကြွေသီးစက်ရုံ စီမံကိန်း(ချောက်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီမိသားစု၊ အမှတ်(၁) စက်မှုဝန်ထမ်းများ၊ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ညောင်ဦးမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၉၅ ကျောင်းမှ ဝါဆိုသံဃာတော်များအား အဌမအကြိမ် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရွှေစည်းခုံစေတီတော် ပရိဝုဏ် ဝေဇယန္တာတန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ မဟာဝိသုတာရာမ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့်ပရိသတ်တို့ကဘဒ္ဒန္တဥက္ကံသနှင့် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် သင်္ကန်း၊ ဆေး၊ ယပ် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည်ညောင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အနော်ရထာခန်းမ၌ ကျင်းပသော အဌမအကြိမ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပြသပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည်ညောင်ဦးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်နှင့် ရပ်ကွက်ကျေးရွာများမှ အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း ချောက်မြို့နယ်ရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ချောက်မြို့နယ်၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံ စီမံကိန်း (ချောက်)သို့ ရောက်ရှိကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ရက်အတွင်း အမြန်ဆုံး ပြီးစီးအောင်နှင့် သွင်းကုန်အစားထိုး အရည်အသွေးမြင့်ကြွေသီးများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ စီမံကိန်း ပြီးစီးပါက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ကြွေသီး (Disc) နှစ်စဉ်လိုအပ်ချက် 230 KV ၊ 132 KV ၊ 66KV၊ 33 KV၊ 11 KV ဗို့အားခံ ကြွေသီးများ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး
အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်း စည်းရုံးရေးကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့်စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံ ရှင်းလင်းပွဲကို ဇူလိုင် ၂၀ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)** အစည်းအဝေးတွင် မြို့နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်(ဇာဂရ-သရက်တော)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သခ်)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးတို့က အမှာစကားပြောကြားကြပြီးမြို့နယ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါ်ခင်စိုး (တက္ကသိုလ်ခင်စိုးဦး)နှင့် ဘဏ္ဍာရေးအစီရင်ခံစာကိုဘဏ္ဍာရေးမှူး ဒေါ်စိုးသူ(စိုးသူပညာရေး)တို့က တင်ပြကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမောင် (ဇာဂရ-သရက်တော) က စတုတ္ထအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၁

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၄၃ ဒသမ ၅၇၈ တန်သည် ဇူလိုင် ၃၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင် ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်ထံ လေဘေးသင့်ပြည်သူများအတွက် အလှူရှင်ဦးခင်မောင်လတ်နှင့် ဇနီးဒေါ်မိုးမိုးအေး၊ သား မောင်အုပ်စိုးပြည့်(Tong Tah Co., Ltd)က ရောင်စုံခဲတံ၊ ခဲတံဘောပင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အစားအသောက်၊ လူသုံးကုန်၊ Pentel ရောင်စုံခဲတံနှင့် လူနေအိမ်များ ဆောက်လုပ်ရန်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၁

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့်ကြီးကြပ်ရေးအဖွဲ့သို့ ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံမှ စေတနာရှင် အလှူရှင်များကိုယ်စား Yugen Kaisya Phyu Co.,Ltd က အမေရိကန်ဒေါ်လာ သုံးသောင်းတန်ဖိုးရှိ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ၊ အလှူရှင်ဦးခင်မောင်လတ်နှင့် ဇနီးဒေါ်မိုးမိုးအေး၊ သား မောင်အုပ်စိုးပြည့်(Tong Tah Co., Ltd)ကအမေရိကန်ဒေါ်လာ ၄၇၄၀၁ တန်ဖိုးရှိ Pentelရောင်စုံခဲတံ၊ ခဲတံဘောပင်၉၃၀၀၊ (၇၄) ကာတွန်းနှင့် i Love Myanmar မှ Executive Director Ms.Levi Sap Nei Thangနှင့်မိသားစုက ဒုတိယအကြိမ်အဖြစ် လပွတ္တာမြို့နယ် သာယာကုန်းကျေးရွာ၌ လူနေအိမ် အလုံး ၅၀၊ အမတ်ကလေးကျေးရွာ၌ လူနေအိမ် အလုံး ၅၀၊ အမတ်ကြီးကျေးရွာ၌ လူနေအိမ်အလုံး၅၀နှင့် အိုင်မကျေးရွာ၌ လူနေအိမ် အလုံး ၈၀ စုစုပေါင်း လူနေအိမ်၂၃၀ဆောက်လုပ်ရန် FEC ၁၃၈၀၀၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် စည်ပင်သာယာရေး ဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး၊ မြို့ပြသာယာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး၊ ခရိုင်ချင်းဆက်လမ်းများ သတ်မှတ်ချိန်အတွင်း အရည်အသွေးကောင်းမွန်စွာ ပြီးစီးရေး၊ ကျေးလက် ရေရရှိရေးလုပ်ငန်းနှင့် ကျေးလက် အိမ်ရာဆောက်လုပ်မှုများကို အချိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် လုပ်ငန်းကြွေးကျန်များ အမြန်ရှင်းလင်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင် ယန္တရားများ ကောင်းမွန်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကိစ္စရပ်များကို အချိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအနေဖြင့် လူငယ်သင်တန်းကျောင်းများ၊ နယ်စပ်ဒေသ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၏ ရည်မှန်းချက်နှင့်အညီ အောင်မြင်ရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူး၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် စည်ပင်သာယာရေးဘဏ္ဍာလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက အင်ဂျင်နီယာလုပ်ငန်းများတွင် အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းနှင့် ငွေစာရင်းများ စနစ်တကျ ကြီးကြပ်ရေးတို့ကို မှာကြားသည်။

ရပ်နား

ဆက်လက်၍ ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပထမနေ့ အစီအစဉ်များကို ရပ်နားသည်။

စည်ပင်သာယာရေး အဖွဲ့များ အနေဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ် ဧပြီလကုန်အထိ ကျေးလက်နှင့် မြို့ပြလမ်း မိုင်ပေါင်း ၃၂၀၁၈ မိုင် ဖောက်လုပ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ကျေးလက် ရေပေးရေးအနေဖြင့် ရေရှားပါးသည့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းများအတွင်း စီမံချက်အရ ဆောင်ရွက်ပေးရန် ကျေးရွာ ၈၀၄၂ ရွာအနက် ၈၀၂၉ရွာ ဆောင်ရွက်ပြီးဖြစ်၍ ၉၉ရာခိုင်နှုန်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၀၈(သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	''ဘေးရန်ကင်းပါစေ''တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ)
၇း၄၀ - ၁း၄၀	တရားရိပ်ဖြင့် အေးငြိမ်းသာယာ ဇေယုတောင်တော်မဟာ
၇း၅၅ - ၁း၅၅	တေးဂီတအစီအစဉ်
၈း၀၅ - ၂း၀၅	ခမ်းနားထည်ဝါ ဓာတ်လှေကားပညာ
၈း၃၀ - ၂း၃၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၂၅ - ၃း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	Fragrant Rice (အပိုင်း-၁)
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅ - ၄း၀၅	Art Vision (BOBA Village)
၁၀း၂၀ - ၄း၂၀	မိခင်နို့ စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်းသိကောင်းစရာများ (ဒေါက်တာ သိန်းသိန်းမြင့်)
၁၀း၃၅ - ၄း၃၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	ရွှင်မြူးသီကြွေးကဗျာတေး(ယုန်နဲ့လိပ်)
၁၀း၄၅ - ၄း၄၅	Shopping Guide (မြန်မာ့အလှ ဒီဂျစ်တယ်ကင်မရာ၊ ဗီဒီယိုကင်မရာအရောင်းစင်တာ)
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၁း၄၀ - ၅း၄၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၅ - ၆း၀၅	အလင်းမိုင်တိုင်များ
၁၂း၂၅ - ၆း၂၅	International Video Topics (သားရဲတို့ရဲ့ကမ္ဘာ)
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာပေလက်ထောက်-၂ ရေးဖြေ ဖြေဆိုအောင်မြင်သူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၃၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ဌာနခွဲတွင် လစ်လပ်လျက်ရှိသော စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကျင်းပခဲ့ရာ စာမေးပွဲအောင်မြင်သူများမှာ စပ-၁၊ စပ-၃၊ စပ-၄၊ စပ-၉၊ စပ-၁၆၊ စပ-၁၇၊ စပ-၁၈၊ စပ-၂၁၊ စပ-၂၂၊ စပ-၂၄၊ စပ-၂၆၊ စပ-၂၈၊ စပ-၄၁၊ စပ-၄၂၊ စပ-၄၇၊ စပ-၆၀၊ စပ-၆၁၊ စပ-၆၂၊ စပ-၆၃၊ စပ-၆၇၊ စပ-၆၈၊ စပ-၇၀၊ စပ-၇၂၊ စပ-၇၃၊ စပ-၇၄၊ စပ-၇၅၊ စပ-၇၈၊စပ-၈၄၊ စပ-၈၆၊ စပ-၈၇ တို့ဖြစ်သည်။

ရေးဖြေ အောင်မြင်သူများသည် လူတွေ့ဖြေဆိုရန် ယခင်ထုတ်ပေးထားသည့် ဖြေဆိုခွင့်ကတ်ပြားများနှင့်အတူ ဩဂုတ် ၁၈ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရုံး၊ အမှတ် ၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့သို့ လာရောက်သတင်းပို့ရမည်ဖြစ်ပြီး ၁၉ ရက်မှစ၍ လူတွေ့စစ်ဆေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရုံး ဖုန်း- ၀၁-၃၇၁၃၃၉ ၊ ၀၁-၂၅၄၂၀၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ရထားပို့ဆောင်ရေးနှင့် ပြန်ကြားရေးတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်းတွင် (ဂ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်းတွင် (ဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဘောလုံးအသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

(၁-၈-၂၀၀၈)

နေပြည်တော်ကွင်း

(ယ)အုပ်စု

သမဝါယမ နှင့် စီမံ/စီးပွား

ပေါင်းလောင်းကွင်း

(ယ)အုပ်စု

အားကစား နှင့် နယ်စပ်/စည်ပင်

(၁၀၇)

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင် ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့တို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁

၂၀၀၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မဒမ် မီရှယ်လင်း ကာလ်မီရေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉နာရီက တောင်ငူတပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးကြီး ဆန်းဦးလှိုင်နှင့် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် အတန်းလိုက်၊ တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို တက်ရောက်လာကြသော တာဝန်ရှိသူအသီးသီးက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသွားသော မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးကြီး ဆန်းဦးလှိုင်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်၍ **(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁)လမ်းမတော် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၃၁

၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီခွဲတွင် အထက (၁) လမ်းမတော် စွမ်းအားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အထိ ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမများ အားလုံးအား ဖိတ်ကြားထားသည်။ အလှူငွေပါဝင်လိုသူများသည် လင်းဖြိုးအောင် ဖုန်း-၀၉-၅၁၂၁၀၃၁၊ ကျော်ဇင်ထွန်း(ကျော်ကြီး) ဖုန်း-၀၉-၅၁၂၄၂၁၂ နှင့် ၀၁-၂၂၂၀၆၆ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လေဘေးသင့်ဒေသ အလယ်တန်းနှင့် နောက်တန်းစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၃၁

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသ၌ အလယ်တန်းနှင့် နောက်တန်းစခန်းများ ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အလယ်တန်း ဆေးကုသရေးစခန်းများအဖြစ် ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဟိုင်းကြီးကျွန်း၊ ဖျာပုံနှင့် ဒေးဒရဲပြည်သူ့ဆေးရုံများ၌ အထူးကုဆရာဝန်ကြီးများ၊ ကွင်းဆင်း ကုသရေး အဖွဲ့ဝင်များက အင်အားပြည့် ဆောင်ရွက်ကြပြီး ဇူလိုင် ၃၀ ရက်တွင် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၁၅၇ ဦး၊ အတွင်းလူနာ ၅၁ ဦး၊ လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၁၀၅ ဦး၊ အတွင်းလူနာ ၇၇ ဦး၊ မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာ ၄၂ ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ် ဆေးရုံ၌ ပြင်ပလူနာ ၃၁ ဦး၊ အတွင်းလူနာ ၁၄ဦး၊ ဖျာပုံမြို့နယ်ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၁၄၂ ဦး၊ အတွင်းလူနာ ၉၇ ဦး၊ ဒေးဒရဲပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၂၁ ဦး၊ အတွင်းလူနာ ၃၄ဦးတို့အား ကုသပေးလျက်ရှိသည်။

နောက်တန်း ကုသရေးစခန်းများဖြစ်သည့် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာ ၈၄ ဦး၊ ဝါးခယ်မပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၆၀၊ အတွင်းလူနာ ၃၂ ဦးနှင့် မအူပင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး၌ ပြင်ပလူနာ ၂၃ ဦး၊ အတွင်းလူနာ ၉၃ဦးတို့အား ကုသပေးလျက်ရှိသည်။

ဇူလိုင် ၃၀ ရက်အထိ ရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်း ဆေးကုသရေးစခန်းများ၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသော ပြင်ပလူနာ စုစုပေါင်း ၉၉၀ နှင့် အတွင်းလူနာ စုစုပေါင်း ၆၅၆ ဦးရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအသင်း ဗိုလ်လုပွဲ တက်ရောက် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း ဗိုလ်လုမည်

ရန်ကုန် ဇူလိုင် ၃၁

၂၀၀၈ ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းက ဧရာဝတီတိုင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အဆိုပါပွဲစဉ်တွင် အကောင်းဆုံးဆုကို မန္တလေးတိုင်းမှ အေးအေးမာက ရရှိသွားသည်။

မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး မန္တလေးတိုင်းက အချိန်ပိုကျမှ အနိုင်ဂိုး သုံးဂိုး သွင်းယူခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ တွေ့ဆုံယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂-၈-၂၀၀၈
(တတိယလုပွဲ)

ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ဧရာဝတီ

၃-၈-၂၀၀၈
(ဗိုလ်လုပွဲ)

ရန်ကုန်တိုင်း နှင့် မန္တလေးတိုင်း

(ကြေးမုံ)



မန္တလေးတိုင်းအသင်းခေါင်းဆောင် အေးအေးမာ ဧရာဝတီတိုင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဇီဝဓာတုဗေဒနှင့် ဇီဝကမ္မဗေဒအဖွဲ့ Refresher Course ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဇီဝဓာတုဗေဒနှင့် ဇီဝကမ္မဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် "Biochemical, Physiological, Public Health Aspects of Environmental Change And Its Impact on Physical and Mental Health " Refresher Course ကို ဩဂုတ် ၉ ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း သိမ်ဖြူလမ်းရှိ ခန်းမ(A)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူအားလုံး တက်ရောက်နိုင်သည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝဓာတုဗေဒဌာနများနှင့် ဇီဝကမ္မဗေဒဌာနများ၌ လည်းကောင်း၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးပညာဌာန၌ လည်းကောင်း၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် စိတ်ကျန်းမာရေးပညာဌာန၌ လည်းကောင်း ဩဂုတ် ၄ မှစ၍ မှတ်ပုံတင်နိုင်ပြီး မှတ်ပုံတင်ကြေးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ

World Breastfeeding Week

(1-8-2008 to 7-8-2008)

Mother Support: Going for the Gold!

"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"

ကျန်းမာရေးဝန်ကြီးဌာန

မိခင်နို့စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့

၁၉၉၀ ပြည့်နှစ် အီတလီနိုင်ငံ၊ ဖလော့ရင့်စ်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO) နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF) တို့မှ မူဝါဒချမှတ်သူများ၏ အစည်းအဝေးတွင် ကမ္ဘာတစ်ဝန်း မိခင်နို့တိုက်ကျွေးရေးနှင့်ပတ်သက်ပြီး ကာကွယ်စောင့်ရှောက်နိုင်ရန်၊ မိခင်နို့ တိုက်ကျွေးရေးကို ပိုမိုသဘောပေါက် လက်ခံလာစေရေး စည်းရုံးဆောင်ရွက်ရန်နှင့် အားပေးကူညီပံ့ပိုးပေးရန် ရည်ရွယ်ချက်များပါသည့် ပဋိညာဉ်စာတမ်း (Innocenti Declaration on the Protection, Promotion,and Support of Breastfeeding) ကို သဘောတူ အတည်ပြုခဲ့ကြသည်။

ထိုပဋိညာဉ်စာတမ်းကိုအခြေခံ၍ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကမ္ဘာအနှံ့မှ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်းပြီး (WABA)ဟု အများသိထားကြသည့်အဖွဲ့ကြီး (World Alliance for Breastfeeding Action)ကို ဖွဲ့စည်းခဲ့သည်။ မိခင်နို့တိုက်ကျွေးရေး လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စေရန်အတွက် အဖွဲ့ကြီး၏ အကြံပြုချက်အရ နှစ်စဉ် ဩဂုတ်လ ၁ ရက်နေ့မှ ၇ ရက်နေ့အထိကို ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် (World Breastfeeding Week) အဖြစ် သတ်မှတ်ခဲ့သည်။

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးငယ်များ၏ အသက်ရှင်သန် ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် အထူးအရေးပါသည်။သိပ္ပံနည်းပညာများ မည်မျှပင် တိုးတက်စေကာမူ မိခင်နို့ရည်နှင့်ထပ်တူ ဂုဏ်သတ္တိရှိသည့် အစားထိုးအစားအစာကို ယနေ့တိုင် မထုတ်လုပ်နိုင်သေးပါ။ မိခင်နို့ရည်၌ မွေးစကလေးငယ်များအတွက် လိုအပ်သော ပရိုတင်းဓာတ်၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆားနှင့် ရေအစရှိသည့် ဒြပ်ပစ္စည်းများမှာ ပြုပြင်ရန်မလိုအပ်သော အချိုးအဆဖြင့် ပါဝင်နေသည်။ အာဟာရစုံနှုန်းပြည့်ဝပြီး ရောဂါကာကွယ်ပေးသည့် ဂုဏ်သတ္တိများကြောင့် ကလေးငယ်များအတွက် အထူးသင့်တော်သည့် မိခင်နို့ဦးရည် (Colostrum) ရနိုင်အောင်လည်း၊ ကလေးငယ်များကို မွေးပြီးပြီးချင်း ပထမတစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးပေးရန် တိုက်တွန်းလျက်ရှိသည်။

မိခင်နို့တိုက်ကျွေးခြင်းကြောင့် ကလေးငယ်၊ နို့တိုက်မိခင်၊ မိသားစုမှအစ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးများ ရစေသည်။ ကလေးငယ်များအတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်း ပိုးဝင်မှုဆိုင်ရာရောဂါနှင့် အခြားရောဂါများဖြစ်ပွားမှု သိသာစွာလျော့နည်းစေသည်။ မိခင်များ ကျန်းမာရေးအတွက် အထောက်အကူပြုသည်သာမက မိခင်နှင့် ကလေးငယ်အကြား တွယ်တာမှု သံယောဇဉ်ကိုလည်း ဖြစ်ပေါ်စေပြီး နှစ်ဦးလုံးအတွက် ကောင်းကျိုးဖြစ်စေပါသည်။ မိခင်နို့အစားထိုး နို့မှုန့်တိုက်ကျွေးလျှင် ကြုံတွေ့ရသည့် စရိတ်စကကြီးမြင့်မှုအပြင် သန့်ရှင်းအောင်ဂရုစိုက်ရခြင်း၊ ကရိကထများခြင်း၊ ကလေးအတွက် ကျန်းမာရေးအန္တရာယ် ပိုမိုကြီးမားခြင်းစသည်တို့ကိုလည်း နို့တိုက်မိခင်များအနေဖြင့် ကြုံတွေ့ကြရမည်မဟုတ်ပေ။ နို့တိုက်မိခင်သာမက မိသားစုဝင်များအတွက်လည်း အဆင်ပြေစေ၍ နိုင်ငံတော်အတွက်ပါ အကျိုးရှိကာ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သည့် ကလေးငယ်များကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

မိခင်နို့ တိုက်ကျွေးခြင်းမှ များပြားလှစွာသော အကျိုးကျေးဇူးများ ရရှိနိုင်သော်လည်း အကြောင်းကြောင်းကြောင့် ကမ္ဘာတစ်ဝန်း မိခင်နို့တိုက်ကျွေးမှု အလေ့အထကောင်းကို လိုက်နာမှုနည်းပါးသည့်အတွက် ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုနှုန်းမြင့်မားနေရခြင်းဖြစ်ကြောင်း ကျန်းမာရေးနယ်ပယ်မှ ပညာရှင်များက သတိပေးလျက်ရှိသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိခင်နို့တိုက်ကျွေးသည့် ကလေးငယ်များအဖို့ မိခင်နို့တိုက်ကျွေးမှုမရကြသည့် ကလေးငယ်များထက် အသက်ရှင်သန်မှုတွင် သုံးဆခန့် ပို၍မြင့်မားကြောင်း UNICEF အဖွဲ့ကြီးက ဆိုထားသည်။ အလားတူပင် ကလေးငယ်များ

အေးဖြူ

အားလုံးကို မိခင်နို့တိုက်ကျွေးခဲ့လျှင် ကမ္ဘာ့ကလေးငယ်များ သေဆုံးမှုနှုန်းကို နှစ်စဉ် ၁ ဒသမ ၅ သန်းထက်ပို၍ လျှော့ချနိုင်မည်ဖြစ်ကြောင်း WHO အဖွဲ့က ပြောကြားခဲ့သည်။

၁၉၉၇ ခုနှစ်တွင် မိခင်နို့တိုက်ကျွေးခြင်း၊ အထူးအားဖြင့် မွေးပြီးပြီးချင်းမှစ၍ ကလေးအသက်ခြောက်လအရွယ်အထိ မိခင်နို့ တစ်မျိုးတည်းကိုသာတိုက်ကျွေး၍ ခြောက်လပြည့်ပြီးနောက်ပိုင်း မိခင်နို့ကိုဆက်လက်တိုက် ကျွေးရင်း၊ တစ်ဖက်မှလည်း သင့်လျော်၍ အာဟာရပြည့်ဝသော ဖြည့်စွက်အစာများကိုကျွေးကာ ကလေးအသက်နှစ်နှစ်အထိ သို့တည်းမဟုတ် နှစ်နှစ်ကျော်သည်အထိ မိခင်နို့ဆက်လက်တိုက်ကျွေးခြင်းကို နို့စို့ကလေးများ အစာကျွေးရန်အတွက် အကောင်းဆုံးရွှေစံချိန်အစာကျွေးမှု (Gold Standard of Infant Feeding)အဖြစ် WABA အဖွဲ့ကြီးက အတိအလင်း ထုတ်ပြန်ခဲ့ပေသည်။

၁၉၉၂ ခုနှစ်မှစ၍ WABA အဖွဲ့က နှစ်စဉ် ကမ္ဘာ့မိခင်နို့တိုက်ကျွေး ရေးရက်သတ္တပတ် အစီအစဉ်အတွက် အခြေခံရမည့်ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ပေးခဲ့ရာ ယခုနှစ် ၂၀၀၈ ခုနှစ်အတွက် အောက်ပါ ဆောင်ပုဒ်ကို ရွေးချယ်ခဲ့သည်-

Mother Support: Going for the Gold!

ယခုနှစ်ဆောင်ပုဒ်အရ **"မိခင်နို့တိုက်ကျွေးစေနိုင်ရေးအတွက် မိခင်များကို အထောက်အကူပြုကြရင်း ရွှေတံဆိပ်ဆုကို ယူကြစို့"** ဟူသည့် အဓိပ္ပာယ်ဖော်နိုင်ပါသည်။ မိခင်တစ်ဦးအား သူမရင်သွေးငယ်ကို မိခင်နို့ တိုက်ကျွေးနိုင်အောင် တစ်နည်းနည်းဖြင့် ကူညီပံ့ပိုးပေးခြင်းသည် ကလေးငယ်များအတွက် ဘဝလမ်းကြောင်း အစကောင်းကို ဖန်တီးပေးရာရောက်သလို အားလုံးအတွက် အရှုံးမရှိ လူတိုင်းအနိုင်ရစေမည်ဖြစ်ကြောင်း တင်စားထုတ်ဖော်ထားခြင်းဖြစ်သည်။

မိခင်နို့စနစ်တကျတိုက်ကျွေးရေး အလေ့အထများ ပိုမိုပျံ့နှံ့လာစေရန်အတွက် တတ်ကျွမ်းနားလည်သူ ပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများသာမက မိသားစုဆွေမျိုး အသိုင်းအဝိုင်း၊ အလုပ်ဌာနစသည်များကပါ မိခင်များကိုကူညီပံ့ပိုး ထောက်ကူပြုပေးနိုင်ပါကြောင်း၊ ဤသို့ထောက်ကူ ပံ့ပိုးပေးခြင်းအားဖြင့် နို့စို့ကလေးငယ်များအတွက် ရွှေစံချိန်အစာကျွေးမှု ရစေသကဲ့သို့ လူ့အဖွဲ့အစည်းအတွက်လည်း ရွှေတံဆိပ်ယူကာ အားလုံး ပြုံးပျော်အနိုင်ရသူများဖြစ်နိုင်ကြပါကြောင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဆိုင်ရာစာစောင်များ၌ ဖော်ညွှန်းထားသည်။

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အတွင်း အနယ်နယ်အရပ်ရပ်၌ လှုပ်ရှားမှုများတွင် ပုံစံအမျိုးမျိုးဖြင့် တက်ကြွစွာပါဝင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ မိခင်နို့ စနစ်တကျတိုက်ကျွေးသည့်စနစ် ပိုမိုကျယ်ပြန့်အောင်မြင်လာစေရန် မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးကိုအမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် သတ်မှတ်ပြီး ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှစ၍ စီမံချက် သီးခြားရေးဆွဲကာ နိုင်ငံတစ်ဝန်း၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ မူဝါဒ (၁၄)ချက် ချမှတ်ပေးခဲ့သလို မိခင်နို့အောင်မြင်စွာတိုက်ကျွေးရေးအဆင့် ၁၀ ဆင့်ကိုလည်း သတ်မှတ်ပေးကာ ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးသူများအားလုံး နားလည်သဘောပေါက်၍ ကျွမ်းကျင်စွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် သင်တန်းများပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အသိပေးလမ်းညွှန်ခြင်း၊ လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်စေခဲ့သည်။

မိခင်နို့ စနစ်တကျတိုက်ကျွေးရေးအတွက် မိခင်များသာမက ပြည်သူအများပါ သိသင့်သိထိုက်သော သတင်းအချက်အလက် ဗဟုသုတများကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည့် Media မျိုးစုံမှ နည်းမျိုးစုံဖြင့် ဖြန့်ဖြူးပညာပေးခြင်း၊ နို့တိုက်မိခင်များအနေဖြင့်လည်း အမှန်တကယ် လက်တွေ့လိုက်နာကျင့်ကြံစေရန် ကူညီပံ့ပိုးခြင်းများအတွက် အင်တိုက်အားတိုက် ကြိုးပမ်းခဲ့သည်သာမက မိခင်နို့စနစ်တကျတိုက်ကျွေးရေး အထောက်အကူပြုအဖွဲ့များ ထူထောင်ဖွဲ့စည်းရေးကိုလည်း အားပေးဆောင်ရွက်ခဲ့သည်။

ယခုနှစ် ၂၀၀၈ ခုနှစ်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို **"မိခင်နို့စနစ်တကျ တိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"** ဟူသည့် ဆောင်ပုဒ်ဖြင့် ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းထားသည်။ မိခင်နို့ စနစ်တကျ တိုက်ကျွေးနိုင်ရေးတွင် မိခင်များပံ့ပိုးမှုလိုသည်။ မိသားစု ဆွေမျိုးအသိုင်းအဝိုင်း၊ အလုပ်ဌာန၊ ရပ်ရွာအဖွဲ့အစည်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်း၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ နိုင်ငံတော်အစိုးရ စသည်တို့မှ အားလုံးဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြရမည်ဖြစ်သည်။

မိခင်များပံ့ပိုးမှုလိုအပ်ကြောင်းကို မိခင်နို့တိုက်ကျွေးရေး အထောက်အကူပြု စာစောင်တစ်ခု၌ တွေ့ရသည်။ ယခုနှစ် ဩဂုတ်လ ၈ရက်နေ့မှ ၂၄ရက်နေ့အထိ ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်နှင့်ယှဉ်တွဲ၍ အိုလံပစ် အားကစားသမားတစ်ဦးနှင့် အလားတူ နို့တိုက်မိခင်တစ်ဦးကို နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။ အားကစားသမားတစ်ဦးအနေဖြင့် မိသားစု၊ သူငယ်ချင်း၊ ဆွေမျိုးမိသားစု အသိုင်းအဝိုင်း အဖွဲ့အစည်းနှင့် နိုင်ငံတော်တို့မှ ကူညီထောက်ပံ့မှုများရဖို့ လိုအပ်သကဲ့သို့ မိခင်တစ်ဦးအနေဖြင့်လည်း မိမိကလေးငယ်ကို မိခင်နို့ စနစ်တကျ တိုက်ကျွေးနိုင်ရေးတွင် အားကစားသမားကဲ့သို့ပင် မိသားစု ပတ်ဝန်းကျင်စသည်များမှ အကူအညီပံ့ပိုးမှုများ လိုအပ်ကြောင်း ဆိုထားသည်။ မိခင်နို့ စနစ်တကျတိုက်ကျွေးနိုင်ရေး၌ နို့တိုက်ကျွေးမည့် မိခင်အနေဖြင့် အခက်အခဲမျိုးစုံ ကြုံတွေ့နိုင်သည်။ သိသင့်သိထိုက်သည့် နို့တိုက်ကျွေးမှုဆိုင်ရာ အခြေခံအချက်အလက်များ တိကျမှန်ကန်စွာသိရှိနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ တတ်ကျွမ်းနားလည်သူများထံမှ လက်တွေ့အကူအညီ ပံ့ပိုးမှုများရနိုင်ရေး၊ မိသားစုဝင်များမှလည်း နားလည်အားပေးမှုများရရှိရေး၊ အလုပ်လုပ်သူမိခင်များအတွက် အလုပ်ခွင် ပြန်လည်ဝင်ရောက်ချိန်၌ ကလေးငယ်ကို မိခင်နို့ ဆက်လက်တိုက်ကျွေးနိုင်ရေး၊ မိခင်နို့တိုက်ကျွေးရာ၌ ကြုံတွေ့လာရသည့် အခက်အခဲပြဿနာ အရေးပေါ်ကိစ္စရပ်များတွင် ကူညီဖြေရှင်း၊ နှစ်သိမ့်ဆွေးနွေး၊ ပညာပေးရေး စသည်များအပြင် အားပေးစကားပြောကြားခြင်း၊ နို့တိုက်မိခင်၏စကားများကို အပြုံးလေးဖြင့် နားထောင်ပေးခြင်းတို့ကလည်း မိခင်နို့ တိုက်ကျွေးကြမည့် မိခင်များအတွက် တစ်နည်းတစ်ဖုံ အားပေးကူညီပံ့ပိုးမှုကို ဖြစ်စေပါကြောင်း ဖော်ပြထားသည်။

ထောင်စုနှစ် ရည်မှန်းချက်ပါ ငါးနှစ်အောက်ကလေးသေနှုန်း လျှော့ချနိုင်ရေးနှင့် အနာဂတ်နိုင်ငံ့သားကောင်းများဖြစ်ကြမည့် ကျန်းမာကြံ့ခိုင်သည့် ရင်သွေးငယ်များ ပိုမိုပြုစုပျိုးထောင်နိုင်ရေးအတွက် နိုင်ငံသားအားလုံး ကျရာနေရာမှ **"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"** ဟူ၍တိုက်တွန်းရင်းကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးငယ်များ၏ အသက်ရှင်သန် ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် အထူးအရေးပါသည်။ သိပ္ပံနည်းပညာများ မည်မျှပင် တိုးတက်စေကာမူ မိခင်နို့ရည်နှင့်ထပ်တူ ဂုဏ်သတ္တိရှိသည့် အစားထိုးအစားအစာကို ယနေ့တိုင် မထုတ်လုပ်နိုင်သေးပါ။ မိခင်နို့ရည်၌ မွေးစကလေးငယ်များအတွက် လိုအပ်သော ပရိုတင်းဓာတ်၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆားနှင့် ရေ အစရှိသည့် ဒြပ်ပစ္စည်းများမှာ ပြုပြင်ရန်မလိုအပ်သော အချိုးအဆဖြင့် ပါဝင်နေသည်။

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း ဒေးဒရဲမြို့၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက လှူဒါန်းပြီး Farmer Phoyarzar Co., Ltdက တာဝန်ယူ ဆောင်ကလုပ် လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။
(ရထားပို့ဆောင်ရေး)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့၌ လူနေအိမ်များတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၁

ဧရာဝတီတိုင်း ဒေးဒရဲမြို့၌ အခြေပြု၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့အဝင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းပြီး Farmer Phoyarzar Co.,Ltdက တာဝန်ယူဆောက်လုပ်သည့်လူနေအိမ် အလုံး ၅၀ ဆောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ စတင်ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် လေဘေးသင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ဒေးဒရဲမြို့ ရုံးကြီးရပ်ကွက်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းသည့်ဆောက်လုပ်လျက်ရှိသော ရုံးကြီးအခြေခံပညာမူလတန်းကျောင်းစာသင်ဆောင်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို လိုက်လံကြည့်ရှု အားပေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် ဒေးဒရဲမြို့နယ် လေးအိမ်ကုန်းကျေးရွာသို့ ရောက်ရှိပြီး လေးအိမ်ကုန်းကျေးရွာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းသည့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော လေးအိမ်ကုန်း အခြေခံပညာ မူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက လှူဒါန်းပြုပြင် ဆောက်လုပ်လျက်ရှိသော လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေး တာဝန်ခံများနှင့် ဆေးရုံအုပ်ကြီးတို့က ရှင်းလင်းပြသကြပြီး ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းအမြန်ပြီးစီး အသုံးပြုနိုင်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဗြိတိန်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အားပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mark Canning သည် ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့်မုန်တိုင်းဒဏ်ခံရသော ဒေသများ၌ ဗြိတိန်နိုင်ငံ အစိုးရက ဆောင်ရွက်ခဲ့သည့် ကူညီထောက်ပံ့မှု လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က မုန်တိုင်းဒဏ်ခံရသော ဒေသများတွင် ဗြိတိန်နိုင်ငံ အစိုးရက ကူညီထောက်ပံ့မှုများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းသင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဝန်ကြီးက မုန်တိုင်းသင့်ဒေသများသို့ ကျန်းမာရေးဝန်ကြီးဌာနက အထူးကုဆရာဝန်များ၊ ပြည်သူ့ကျန်းမာရေးဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ၂၄၀၀ကျော် စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဝက်သက်ရောဂါနှင့် ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးထိုးနှံရေးနှင့် ရောဂါကုသရေးလုပ်ငန်းတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့မှုကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်နိုင်ခဲ့ပြီး ထိရောက်အောင်မြင်မှုများ ရရှိခဲ့ပါကြောင်းကို ဆွေးနွေးပြောကြားသည်။ယင်းနောက် ဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် အဓိက ရောဂါကြီးသုံးမျိုးအတွက် ရန်ပုံငွေလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၃၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေသည် ဇူလိုင် ၂၈ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်း မြို့နယ်များသို့သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံသည်။ **(ယာပုံ)**

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်အောင် ဆောင်ရွက်ရေး ဆွေးနွေး မှာကြားခဲ့ကြောင်း သိရှိရသည်။ (တိုင်းပြန်/ဆက်)

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်နေ ဦးအောင်သင်း-ဒေါ်ဖြိုးဖြိုးသွယ်၊ သမီး မနီလာဖြိုး မိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ အမျိုးသားရေး တေးကဗျာ
၄း၄၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀ ၈။ အမျိုးသားရေး တေးကဗျာ
၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စံပါပဲ (အပိုင်း -၂)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာ သဒ္ဒါ မြတ်ကျမ်းစာ(၃)
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဖြူစင်ခြင်းရဲ့ နောက်ကွယ် (အပိုင်း -၉)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

တိုက်ကျွေးကြစို့ မိခင်နို့

○ နို့ဦးရည်မှာ စွမ်းရည်သာ
ရောဂါကာကွယ် အားပြည့်ကြွယ်
တကယ်မယွင်း နာရီဝက်အတွင်း
ချက်ချင်းတိုက်ပ တိုက်ပါကြ၊

○ မွေးစမှန်ပေ့ ခြောက်လပြည့်
မွေးမေ့နို့သာ တစ်မျိုးသာ
မကြာခဏ နေ့ရောည
ပြည့်ဝတိုက်ပ တိုက်ပါကြ၊

○ ခြောက်လပြည့်ကာ ဖြည့်စွက်စာ
တွဲသာကျွေးပေး နို့တိုက်ကျွေး
မနေးမှန်သော် နှစ်နှစ်ကျော်
တူပျော်တိုက်ပ တိုက်ပါကြ၊

○ မိခင်နို့ရည် တုမမီ
စွမ်းရည်ပြည့်ဝ ဖိုးတန်လှ
အစားထိုးရာ မရှိပါ
မှန်စွာတိုက်ပ တိုက်ပါကြ။ ။

ဒေါက်တာသန်းဦး

ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် သာသနိက အဆောက်အအုံများ ဘက်စုံပြန်လည်မွမ်းမံရန်အတွက် သဃ်န်းကျွန်းမြို့နယ် မလိခအိမ်ရာနေ ဦးဖြူသာထူးမိသားစုက ငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့် ဂေါပကအဖွဲ့ဝင် ဦးအေးဖေ၊ဦးမြင့်သိန်းနှင့် ဦးကြည်မောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်မြို့ ဝေပုလ္လကျောင်းတိုက် ဆရာတော်ကြီး၏ (၆၅)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာနှင့် (၈၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဝေပုလ္လကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ကြီးဖြစ်တော်မူသော ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝေပုလ္လ၏သက်တော် (၆၅)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာနှင့် (၈၈)ကြိမ်မြောက် သိက္ခာထပ် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၆ ရက်(၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်၊ စနေနေ့) နံနက် ၅ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး ၁၂၀ တို့အား အရုဏ်မုန့်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ သက်တော်ရှည်ဆရာတော်ကြီး ငါးပါးတို့အား သီးသန့်လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ နံနက် ၇ နာရီခွဲတွင် သိမ်ဝင်ခြင်းနှင့် နံနက် ၈ နာရီတွင် သိမ်ထွက်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းခြင်းတို့အပြင် မင်္ဂလာအခမ်းအနားအစီအစဉ်များကို စိန္တာမယ သိဒ္ဓိဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ ရပ်ဝေး/ရပ်နီးဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အနေဖြင့် ကြွရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ် စိုက်ပျိုး အလှတိုး

ပျံ့သန်းနေသောရောင်စဉ်များဖြင့် အလှဆင်ထားသော ဓာတ်ပုံပြပွဲ

ရန်ကုန် ဇူလိုင် ၃၁

လူငယ်ဓာတ်ပုံ ဆရာထင်အောင်(အင်းစိန်)၏ ဓာတ်ပုံသက်တမ်း ၁၈ နှစ်ခရီး အမှတ်တရအဖြစ် **‘ပျံ့သန်းနေသောရောင်စဉ်များ’** အမည်ရှိ ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ ဂရင်းမီးရထားဟိုတယ် (ပထမထပ်)၌ ပြသလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝ၊ တိုင်းရင်းသားများ၏ အလှသည် မပြုမပြင် ပင်ကိုအလှဖြစ်ပေရာ ထိုသို့သော သဘာဝအလှကို အရှိအတိုင်း ရိုက်ကူးထားသော ပုံများသာဖြစ်ပြီး ကွန်ပျူတာဖြင့်ပြုပြင်ထားခြင်းလုံးဝမရှိသောပုံများ ဖြစ်သည်။

ဓာတ်ပုံဆရာသည် လွန်ခဲ့သည့် ၁၈ နှစ်ကာလအတွင်း ကချင်၊ ကရင်၊ ရှမ်း၊ မွန်၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ စသော ဒေသအသီးသီးသို့ ရောက်ရှိခဲ့စဉ်က မှတ်တမ်းတင်ရိုက်ကူးထားသော ပုံများဖြစ်ရာ ယခင် ဖလင်ခေတ်မှသည် ယခု ဒစ်ဂျစ်တယ်ခေတ်အထိ ရိုက်ကူးထားသော လက်ရာများဖြစ်ပြီး မူရင်းဖလင်များကိုပါ ပူးတွဲပြသထားသည်ကို တွေ့မြင်ရသည်။ ဓာတ်ပုံများမှာ အသေးဆုံး ၁၂ လက်မ × ၁၈ လက်မမှသည် အကြီးဆုံး ၂၄ လက်မ × ၃၆ လက်မအထိဖြစ်ပြီး ပုံပေါင်း ၅၀ ပြသထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုသုံးဆုအပြင် ပြည်တွင်း၊ ပြည်ပ ဆုပေါင်း ၈၆ ဆုရ ဓာတ်ပုံ ဆရာထင်အောင်(အင်းစိန်)က **“ယခုပွဲက ကျွန်တော်တို့ရဲ့ ပထမဦးဆုံးပြပွဲပါ။ ဓာတ်ပုံအနုပညာကို ဝါသနာပါသူတွေ စုဆောင်းလိုသူတွေအတွက် အထူးရည်ရွယ်ပြသထားတာဖြစ်ပါတယ်။ စီးပွားရေး အမြတ်အစွန်းမပါဘဲ အများပြည်သူ ဝယ်ယူစုဆောင်းနိုင်အောင်လို့ စီစဉ်ထားပြီး အနုပညာ ညီအစ်ကိုမောင်နှမများဖြစ်တဲ့ ပန်းချီပညာရှင်တွေအနေနဲ့လဲ ပန်းချီအဖြစ် ပြောင်းလဲဖန်တီးရေးဆွဲခွင့်ပြုမှာပါ”** ဟု ဆိုထားသည့်အတွက် အနုပညာအပေါ်ထားရှိသော ဓာတ်ပုံဆရာ၏ စေတနာတရားကို လေးစားအသိ အမှတ်ပြုမိသည်။

ရှမ်းပြည်နယ် မိုင်းဆတ်ဒေသရှိ အခါတိုင်းရင်းသားတို့၏ ဘဝတစ်စိတ်တစ်ဒေသကို ဖော်ကျူးပြနေသော“အခါအမျိုးသမီးလေးများ”။

ပြသထားသည့် လက်ရာများထဲမှ **‘ရေပူစမ်း’**ဟု အမည်ပေးထားသော ဓာတ်ပုံမှာ ကရင်ပြည်နယ် ဘုရင်ညီဂူအတွင်း အမျိုးသမီးငယ်တစ်ဦး ရေခပ်နေသောပုံဖြစ်သည်။ ဂူအတွင်းအပေါ်စီးမှနေရာယူ၍ သဘာဝဖြစ်တည်နေမှုကို ပေါ်လွင်အောင် မိမိလိုချင်သော အလင်းရောင်ရသည်အထိ စိတ်ရှည်ရှည် စောင့်ဆိုင်းပြီး ရိုက်ကူးထားသော ပုံဖြစ်သည်ဟု သိရသည်။ ကင်မရာ နိုင်နင်းမှု၊ ဆေးသား ကြည်လင်ပြတ်သားမှုတို့ဖြင့် ပေါင်းစပ်ထားသည့်အတွက် စိတ်ကြည်နူးဖွယ် ပေးစွမ်းနိုင်သော ပုံကောင်းတစ်ပုံဖြစ်ပေသည်။

ထို့အပြင်ဓာတ်ပုံဆရာ၏စိတ်ကူးကောင်းကောင်းဖြင့် **“ဘဝကြင်ဖော်”** ဟုအမည်ပေးထားသော ဓာတ်ပုံမှာ မွန်ပြည်နယ် စက်စဲကမ်းခြေတွင် မိမိတို့၏ ခင်ပွန်း ရေလုပ်သားများဖမ်းဆီးရမိခဲ့သော ပုစွန်ငယ်များအား ရေဆေးသန့်စင်နေသော အမျိုးသမီးနှစ်ဦးပုံ ဖြစ်သည်။ ဝင်တော့မည့်နေ၏ဆည်းဆာ အလင်းဖျဖျလေးဖြင့် ဟိုအဝေးမှတံငါလှေလေးများ စီတန်းတည်ရှိနေပုံကိုပါ အမိအရ ဖမ်းယူရိုက်ကူးထားခြင်းဖြစ်ရာ အလွန်သာယာသော စက်စဲကမ်းခြေ၏ သဘာဝနှင့် အလှကို ပီပီပြင်ပြင် တွေ့မြင်ရမည်ဖြစ်သည်။

ပြပွဲတစ်ခုလုံး၏ မြင်ကွင်းသည် ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်သော ရောင်စဉ်အလှများ၊ ဒေသအသီးသီး၏ သဘာဝရောင်စဉ်အလှများဖြင့် လွှမ်းခြုံထားပေသည်။ ပြပွဲကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်တည်းသာ ပြသမည်ဖြစ်သည်။ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အနုပညာ သတင်းကောင်းပါးလိုက်ရပါသည်။ ။

မြင်ကွင်းသတင်း- တင်ဝင်းလေး(ကြည့်မြင်တိုင်)

သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြု ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ရုပ်စုံမှန်ပြောင်း (Kaleidoscope)	၁၈၁၇	Brewster	စကော့တလန်
၂	မီးချောင်း	၁၉၃၈	General Electric, Westinghouse	အမေရိကန်
၃	နီယွန်မီးလုံး	၁၉၀၉	Claude	ပြင်သစ်
၄	မိုးကြိုးလွှဲ	၁၇၅၂	Franklin	အမေရိကန်
၅	ဖယောင်းပုဆိုး	၁၈၆၀	Walton	အင်္ဂလိပ်
၆	စက္ကူအကြည်	၁၉၅၁	Graham	အမေရိကန်
၇	လျှပ်စစ်ရထားစက်ခေါင်း	၁၈၅၁	Vail	အမေရိကန်
၈	ဒိုင်းနမစ်အသံချဲ့စက်	၁၉၂၄	Kellogg Rice	အမေရိကန်
၉	စက်သေနတ်	၁၈၆၂	Gatling	အမေရိကန်
၁၀	မာစရိုက်ချည်ထည်	၁၈၄၃	J. Mercer	အင်္ဂလိပ်

မွန်ပြည်နယ် မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာရှိ မုဒုံအော်တိုအိတ်ချိန်းရုံးကို အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီး

ရန်ကုန် ဇူလိုင် ၃၁

မွန်ပြည်နယ် မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာရှိ မုဒုံအော်တိုအိတ်ချိန်းရုံးကို အကြမ်းဖက်သောင်းကျန်းသူများက ယမန်နေ့ည ၁၁ နာရီခွဲခန့်တွင် ဗုံးခွဲဖျက်ဆီးခဲ့သဖြင့် အိတ်ချိန်းရုံး နှစ်ထပ်အဆောက်အအုံ၏ အောက်ထပ်အဝင်တံခါးမကြီး မှန်နှစ်ချပ်နှင့် အခန်းအတွင်းရှိ ပြတင်းပေါက်မှန်သုံးချပ်တို့ ပျက်စီးသွားခဲ့ကြောင်း၊ တယ်လီဖုန်းဆက်သွယ်မှုများ ပြတ်တောက်မှုမရှိကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်းလုပ်ရပ်များကို အဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ အများပြည်သူတို့အနေဖြင့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် အသင်း မဝင်ရသေးသော လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန်၊ တက်ရောက်သူများသည် မြန်မာနိုင်ငံ စာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော လက်မှတ်ရပြည်သူ့စာရင်းကိုင် မှတ်ပုံတင်အမှတ်များ ယူဆောင်လာကြရန်နှင့် CPE နာရီအတွက် အထောက်အထားရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂)လသာ မိဘဆရာအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်း ပထမအကြိမ် မိဘဆရာအသင်း အစည်းအဝေးကို ဇူလိုင် ၃၁ရက် နံနက် ၁၀ နာရီတွင် လသာ(၂) မြညီလာခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ဆရာမများ စုံညီတက်ရောက်ကြသည်။ အစည်းအဝေးတွင် မိဘဆရာအသင်းဥက္ကဌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိဂီကျော် **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။ (ကြေးမုံ)

သံဃာ့ဆေးကုသဆောင်ဖွင့်ပွဲ၊ ဒေသဖွံ့ဖြိုးရေး လျှပ်စစ်မီးဖွင့်ပွဲနှင့် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ ဦးဆောင်၍ မန္တလေးမြို့ ရတနာပုံဈေး မွန်းအိုင်း အထည်ဆိုင်ပိုင်ရှင် ဦးမျိုးမျိုး-ဒေါ်အပ်ကျိန်း(ခ)ဒေါ်မြင့်မြင့်အေး မိသားစုတို့က ငွေကျပ်သိန်း ၁၈၀ အကုန်အကျခံကာ တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းသည့် မွန်းအိုင်း သံဃာ့ဆေးကုသဆောင်ဖွင့်ပွဲ၊ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသဦးဆောင်၍ တည်ဆောက်ပြီးဖြစ်သည့် ကွမ်းမိုးဒိန်းစံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲနှင့် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနာ့ဇောတိက မစိုးရိမ်တိုက်သစ် သံဃာတော်များအား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို (၁၃၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၂ ရက်) ဩဂုတ် ၃ ရက် (တနင်္ဂနွေနေ့)တွင် ခရမ်းမြို့ ပြည်သူ့ဆေးရုံအတွင်းနှင့် ကွမ်းမိုးဒိန်းစံပြ ကျေးရွာသာသနဇောတိက မစိုးရိမ်တိုက်သစ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ထား၍အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်တစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှ အစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများအတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဒေဗလျူအင်န်အေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ အိုက်ထွန်းသည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ် နှစ်လက်ဖြင့်လည်းကောင်း၊ ဗိုလ်ကြီးအဆင့်ရှိ ဝင်းကျော်သည် ကာဘိုင် နှစ်လက်ဖြင့်လည်းကောင်း၊ ဒုဗိုလ်အဆင့်ရှိ ထွန်းအောင်သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်ဖြင့်လည်းကောင်း၊ တပ်ကြပ်အဆင့်ရှိ အိုက်ဒုတ်သည် လောင်ချာ နှစ်လက်ဖြင့်လည်းကောင်း၊ဒုတပ်ကြပ်အဆင့်ရှိ အိုက်တန်သည် တစ်လုံးထိုးသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၁၃၃ တောင့်ဖြင့် လည်းကောင်း၊ တပ်သား အိုက်ဇံပန်၊ အိုက်လူ၊ အိုက်လွင်၊ အိုက်ခွပ်၊ စိုင်းကီအိုက်မြင့်တို့သည်လည်းကောင်း၊ အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား အိုက်လူသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ကျည် ၇၃တောင့်၊ မိုင်းသုံးလုံးတို့ဖြင့် လည်းကောင်း၊ ဒုတပ်ကြပ်အဆင့်ရှိ စိတ္တသည် အမ်(၂၂) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည်အတောင့် ၃၀ဖြင့် လည်းကောင်း၊ တပ်သား အေးကျော်သည် လည်းကောင်း၊ ရလလဖ(ခွဲထွက်)မှ တပ်သားကယားဖဲသည် ပစ္စတို တစ်လက်ဖြင့်လည်းကောင်း၊ တပ်သား တီးနိုသည် ဘီအေ(၆၃) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ကျည် ၅၆ တောင့်တို့ဖြင့် လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၆) ရင်း (၁၆)မှ တပ်သား စိုးအောင်သည် အေကေ (၄၇) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ၃၉တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သား ချစ်စိုးသည် ပွိုင့်(၂၂) ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၁) ရင်း(၁)မှ တပ်ကြပ်ကြီးအဆင့်ရှိ မြင့်ဝေသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ကျည် ၁၀ တောင့်၊ မိုင်း ၂၅ လုံးတို့ဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၂)မှ တပ်သား စောစံထွန်းသည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၂၅တောင့်တို့ဖြင့်လည်းကောင်း၊ တပ်မဟာ (၂) ရင်း (၅)မှ တပ်ကြပ်အဆင့်ရှိ စောစိုးမိုးနှင့် တပ်သား စောအားဒီတို့သည် အေကေ (၄၇) မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ကျည် ၂၇ တောင့်တို့ဖြင့် လည်းကောင်း၊ တပ်သားစောဂမူး၊ စောရွှေဂဲ၊ စောကျော်သိန်း၊ စောပိုးပို၊ စောဟောဂလိုတို့သည်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄) ရင်း(၁၁)မှ တပ်သား စောလေလိုးသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ၁၅ တောင့်၊ မှီခိုသူ မိသားစုဝင် သုံးဦးတို့ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်နယ်မြေ၌ အက်စ်အက်စ်အေ (ရှက်ဆစ်)တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၆၇၈)မှ တပ်ကြပ်အဆင့်ရှိ ရာစိန်သည် အမ် (၂၂) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ၃၅ တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သား နွဲ့အွမ်သည်လည်းကောင်း၊ ရင်း(၇၆၈)မှ တပ်သား အိုက်ရှန်နှင့် အိုက်စံနော်တို့သည်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ၌ ရခိုင်တပ်မတော်(အေအေ) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ကျော်ဝင်းသည် မှီခိုသူ မိသားစုဝင် သုံးဦးတို့ဖြင့်လည်းကောင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီ(ရခိုင်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်အဆင့်ရှိ စိန်ဖိုးသာနှင့် တပ်သား အောင်သာဇံတို့သည် မှီခိုသူ မိသားစုဝင် သုံးဦးတို့ဖြင့် လည်းကောင်း အသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၃၇ဦးတို့အား သက်ဆိုင်ရာ တပ်စခန်း အသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၁

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၄၆ ဒသမ ၆၃၃ တန်သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရှိရသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီး၌ (၁၂၃)ကြိမ်မြောက် ဆေးပဌာန်းလှူဒါန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၃)ကြိမ်မြောက် ဆေးပဌာန်းလှူဒါန်းပွဲကို ဩဂုတ် ၃၀ ရက် (ဝါခေါင်လကွယ်နေ့)တွင် ယင်းစေတီတော်မြတ်ကြီး၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသည့် အလှူရှင်များ၊ အသင်းအဖွဲ့များ၊ ဆေးတိုက်ပိုင်ရှင်များက ရန်ကုန်မြို့ ရွှေတိဂုံအနောက်ဘက် စောင်းတန်းအောက်ပစ္စယာရှိ မော်လမြိုင်အသင်း (ရန်ကုန်) ဖုန်း- ၀၁-၂၅၆၁၇၊ ဒုတိယဥက္ကဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့ ဥက္ကဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဌဦးမြင့်ဇော် ဖုန်း- ၀၅၇-၂၅၅၉၂နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၀၈ (သောကြာနေ့)

၁၃၇၀ပြည့်နှစ်၊ ဝါဆိုလကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ထုထည်ကြီးမား ထင်ရှားကေန် ဓမ္မရံ
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၇။ **"မင်းမသိသေးပါဘူးကွာ" (ရော၊ ငှက်ပျော်ကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေး အေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
- ၈:၂၅ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ Internation News.
- ၈:၄၀ ၁၀။ Islands of Dhamma
- ၈:၄၅ ၁၁။ ဘဒ္ဒန္တကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်း) ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၃၀ ၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၄၀ ၄။ အတီးပြိုင်ပွဲ
- ၄:၅၀ ၅။ ရန်ကုန်တိုင်းအမှတ် (၃)အခြေခံပညာဦးစီးဌာန၊ ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ မှော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၄၀ ၉။ အဆိုပြိုင်ပွဲ
- ၅:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင်ရွှေညာဏ်ရှင်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၁၈)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၆)**
- ၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၀။ အစီအစဉ်ပြီး၏။

KNU အကြမ်းဖက်သောင်းကျန်းသူများက ဘားအံခရိုင် လိပ်သိုမြို့ ယာဒိုကျေးရွာအနီးရှိ မဟာဓာတ်အားလိုင်းတာဝါတိုင်ကို မိုင်းခွဲဖျက်ဆီး

ရန်ကုန် ဇူလိုင် ၃၁

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ ယာဒိုကျေးရွာအနီးရှိ လောပိတ-တောင်ငူ (230 KVA) မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၂၀၆)ကို ယမန်နေ့ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် ပြိုလဲသွားခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်မှု မထိခိုက်စေရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက လောပိတ-ကလော-သာစည် ဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်းလုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ အများပြည်သူတို့အနေဖြင့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဇူလိုင် ၂၉ ရက်က ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက် ဓမ္မာရုံ၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူကြိုင်က ရပ်ကွက် ဥက္ကဌ ဦးဝင်းဌေးထံ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ရုရှားနိုင်ငံက စစ်ဘက်ဂြိုဟ်တုတစ်လုံးကို အာကာသပတ်လမ်းသို့ လွှတ်တင်

မော်စကို ဇူလိုင် ၂၉

ခေတ်မီ ဆိုယု-၂ ဒုံးပျံက ကော့စ်မော့စ်စစ်ဘက် ဂြိုဟ်တုတစ်ခုကို အာကာသပတ်လမ်း အတွင်းသို့ ရုရှားနိုင်ငံမြောက်ပိုင်း ပလေဆက် အာကာသစခန်းမှ စနေနေ့က လွှတ်တင်ခဲ့ကြောင်းအီတာ-တပ်စ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဒုံးပျံကို မော်စကို စံတော်ချိန် ၁၀ နာရီ ၃၁ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်ဟု အာကာသစခန်းက ပြောကြားသည်။

အဆိုပါ ဆိုယု-၂ ဒုံးပျံကို ဆမ်မာရာ အခြေစိုက် ရုရှားကာကွယ်ရေးဌာနဆိုင်ရာ စီအက်စ်ကေဘီ ဒီဇိုင်းရေးဆွဲရေးရုံးနှင့် အာကာသဌာနက ပူးပေါင်းထုတ်လုပ်ခြင်း ဖြစ်သည်။ အခြား ဆိုယု ဒုံးပျံများ ဖြင့် နှိုင်းယှဉ်ပါက ယခု ဆိုယု-၂ ဒုံးပျံသည် ကီလိုမီတာ ၂၀၀ အမြင့်ရှိ ကမ္ဘာပတ်လမ်းကြောင်းတွင် ပိုမိုလေးလံသော ကုန်ပစ္စည်းတင်နိုင်ပြီး ဂြိုဟ်တုပစ်လွှတ်ရာတွင် တိကျမှု ပိုမိုရှိသည်ဟု သိရသည်။

အဆိုပါ ဆိုယု-၂ ဒုံးပျံကို ခေတ်မီအဆင့်မြင့် စမ်းသပ်မှုများ သုံးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပြီး စမ်းသပ်မှု နှစ်ကြိမ်ကို ပလေဆက်စခန်းနှင့် နောက်ထပ်စမ်းသပ်မှုကို ဘိုင်ကိုနူးစခန်းတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ပြောကြား

ဆိုယု-၂ ဒုံးပျံကို ၂၀၀၈ ခုနှစ် အတွင်း စမ်းသပ်မှုနှစ်ကြိမ် ထပ်မံပြုလုပ်မည်ဖြစ်ပြီး ယခုနှစ်အတွင်းတွင် ယင်းဒုံးပျံကို လက်တွေ့လုပ်ငန်းခွင်၌ အသုံးချနိုင်ဖွယ်ရာရှိကြောင်း ရုရှားအာကာသယာဉ်မှူး ဗလာဒီမာမီယာ ပိုပေါဗ်ကင်က ပြောကြားသည်။

အမ်အင်အေ/ဆင်ဟွာ။

ပေကျင်း အိုလံပစ်ပြိုင်ပွဲတွင် ရုပ်မြင်သံကြား သတင်းများ ရိုက်ကူးမည့် တရုတ်နိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (စီစီတီဗွီ) မှ ရဟတ်ယာဉ်တစ်စင်းကို ဇူလိုင် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ်မြို့လယ်၌ ငလျင်လှုပ်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၃၁

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီး၌ ဇူလိုင် ၂၉ ရက်က အင်အားပြင်း ငလျင်လှုပ်မှုကြောင့် မြင့်သော အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း မီးသတ်တာဝန်ရှိသူများက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် အပျက်အစီးနှင့် ဒဏ်ရာရရှိသူများကို ချက်ချင်းဖော်ပြခြင်း မရှိချေ။

လော့စ်အိန်ဂျလိစ်မြို့ အရှေ့ဘက် ၄၈ ကီလိုမီတာခန့်အကွာရှိ ချီနိုကုန်းမြင့်ဒေသအနီး ဗဟိုပြု၍ လှုပ်ခတ်ခဲ့ပြီး အော်ရင့်စီရင်စုစန်ကျင်းနှင့် စန်ဒီယေဂိုတောင်ဘက်စွန်း၌လည်း အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့သည်။

အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့က ငလျင်သည် ကနဦး၌ ၅ ဒသမ ၆ အဆင့် အင်အားရှိပြီးနောက် ၅ ဒသမ ၈ အဆင့်သို့ တိုး၍ လှုပ်ခတ်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ/ရိုက်တာ။

အမေရိကန်စစ်ဘက်က ဒုတိယကမ္ဘာစစ်မှ လူမည်းစစ်သား ၂၈ ဦးအား ဝန်ချတောင်းပန်

ဝါရှင်တန် ဇူလိုင် ၃၀

လွန်ခဲ့သော နှစ် ၆၀ ခန့် ဒုတိယကမ္ဘာစစ်အတွင်းမှ အီတလီ အကျဉ်းသား တစ်ဦးအား ဥပဒေမဲ့စစ်ဆေး သေဒဏ်ပေးခြင်းနှင့် အဓိကရုဏ်း ဖြစ်ပွားခြင်းကြောင့် မှားယွင်းစွာ အပြစ်ပေးခံရသူ လူမည်းစစ်သား ၂၈ဦးအား အမေရိကန် စစ်ဘက်က တရားဝင်ဝန်ချတောင်းပန်ခဲ့ကြောင်း ပီတီအိုင် သတင်းအရ သိရှိရ သည်။ ၎င်းစစ်သားများနှင့်ပတ်သက်၍ မိမိတို့ မှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ဝမ်းနည်းမိသည်ဟု အရန်စစ်သားနှင့် လူအင်အားဌာနမှ တွဲဖက်ဝန်ကြီး ရော်နယ်ဂျိမ်းစ်က ပြောကြားကြောင်း ဆီတယ်တိုင်းမ် သတင်းစာက ကိုးကားရေးသားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် အီတလီစစ်အကျဉ်းသားများနှင့် ဆီတယ်ဒေသတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးပြီး အခြားလူများ ဒဏ်ရာရရှိပြီး နောက်တစ်နှစ် ၁၉၄၅ ခုနှစ်တွင် အပြစ်ပေးခံခဲ့ရသည်ဟု သိရသည်။

အမ်အင်အေ/ပီတီအိုင်။

အိန္ဒိယတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် လုံခြုံရေး မြှင့်တင်ထား

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

နယူးဒေလီ (အိန္ဒိယ) ဇူလိုင် ၃၀

အိန္ဒိယနိုင်ငံ၏ အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် နှစ်ရက်ကြာ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီး ၄၆ ဦး သေဆုံးခဲ့သဖြင့် အိန္ဒိယနိုင်ငံ၏ မြို့ကြီးများ၌ တနင်္ဂနွေနေ့တွင် လုံခြုံရေးအရ တပ်လှန့်ထားကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ဂူဂျာရတ်ပြည်နယ်ရှိ အမီဒါဘတ်မြို့တွင် တနင်္ဂနွေနေ့က ဗုံး ၁၆ လုံး ပေါက်ကွဲခဲ့ရာ ၄၅ဦးထက် မနည်း သေဆုံးပြီး ၁၆၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ဘန်ဂလိုမြို့တွင် ဗုံးပေါက်ကွဲ၍ အမျိုးသမီးတစ်ဦးသေဆုံးပြီးခဲ့သည့် နောက်တစ်ရက်တွင် ယင်းသို့ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဂူဂျာရတ်ပြည်နယ်ရှိ ဘူရတ်မြို့တွင် ဗုံးနှစ်လုံး တနင်္ဂနွေနေ့က ပေါက်ကွဲခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်ပြီး မည်သည့်အုပ်စုကမှ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားမှု မရှိသေးပေ။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံရှိ စစ်သွေးကြွအုပ်စုများ၏ လက်ချက်ဖြစ်နိုင်သည်ဟု အိန္ဒိယအစိုးရက သင်္ကာမကင်းဖြစ်လျက်ရှိသည်။

အမ်အင်အေ/ရိုက်တာ။

စပိန်အပန်းဖြေကမ်းခြေတွင် ဗုံးပေါက်ကွဲမှုဖြစ်

မဒရစ် ဇူလိုင် ၂၉

စပိန်နိုင်ငံ တိုရီမိုလိုနိုစ်အပန်းဖြေဥယျာဉ်၌ အင်္ဂါနေ့က ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ဒဏ်ရာရရှိခြင်း၊ အကြီးအကျယ် ပျက်စီးခြင်း မရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူက ပြောကြားသည်။

စပိန်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်သည့် ကောစတာဒယ်ဆိုလ်ဒေသ အပန်းဖြေကမ်းခြေတွင် ပေါက်ကွဲမှုမဖြစ်မီ သတိပေးမှုမရှိဟု သက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ စပိန်နိုင်ငံ မြောက်ပိုင်းကမ်းခြေတွင် ယခုလ အစောပိုင်းက ဗုံးလေးကြိမ် ပေါက်ကွဲခဲ့သည်။ နွေရာသီအပန်းဖြေရာသီတွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်အပန်းဖြေရာကမ်းခြေ၌ မကြာခဏ ဗုံးပေါက်ကွဲမှုသည် အီးတီအေဘာစတီး လှုပ်ရှားမှုအုပ်စု၏ လက်ချက်ဖြစ်သည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက ပြစ်တင်သည်။

အင်တာနက်။

ကနေဒါနိုင်ငံ ဗန်ကူဗာလေဆိပ်တွင် အရေးပေါ် ဆင်းသက်ခဲ့ရသော ကသေးပစိဖိတ်လေကြောင်းလိုင်းမှ လေယာဉ်ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကသေးပစိဖိတ်လေယာဉ် ဗန်ကူဗာလေဆိပ်သို့ ဆင်းသက်စဉ် ထိခိုက်မှုဖြစ်ပွား

ဗန်ကူဗာ (ဗြိတိန်ကိုလံဘီယာ) ဇူလိုင် ၃၀

ကသေးပစိဖိတ် လေကြောင်း လီမိတက်ပိုင်ဘိုးရင်း-၇၄၇လေယာဉ်သည် ခရီးသည် ၃၆၃ ဦးနှင့်အတူ ဗန်ကူဗာမြို့၌ ဇူလိုင် ၂၉ ရက်က မြေပြင်သို့ သက်ဆင်းရန်ကြိုးစားစဉ် လေယာဉ်အတွင်း ပျက်စီးမှုနှင့် ကြုံတွေ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းသို့ ဖြစ်ပွားခြင်းကြောင့် ဒဏ်ရာရရှိသူ မရှိကြောင်း၊ အဆိုပါလေယာဉ်သည် ကနေဒါနိုင်ငံအနောက်ပိုင်းဗန်ကူဗာမြို့မှတစ်ဆင့် နယူးယောက်မှ ဟောင်ကောင်သို့ ပျံသန်းမည့် ခရီးစဉ်တွင် ဖြစ်ပွားမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက စစ်ဆေးနေကြောင်း လေကြောင်းပိုင်းက ပြောကြားသည်။ယင်းမတော်တဆဖြစ်ပွားမှုကြောင့်လေယာဉ်ကိုယ်ထည်မျက်နှာပြင် အပြင်ဘက်ရှိအကန့်တစ်ကန့် ပျက်စီးခဲ့သည်။ ***အမ်အင်အေ/ရိုက်တာ။***

အစ္စတန်ဘူလ်မြို့တွင် ဗုံးပေါက်ကွဲ၊ ၁၃ ဦးသေဆုံး

အစ္စတန်ဘူလ် ဇူလိုင် ၂၉

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ လူစည်ကားရာ စီးပွားရေးရပ်ကွက်တွင် တနင်္ဂနွေနေ့က ဗုံးနှစ်လုံးပေါက်ကွဲရာ ၁၃ ဦး သေဆုံးပြီး လူ ၇၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြို့အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယခုပေါက်ကွဲမှုသည် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ဟု အုပ်ချုပ်ရေးမှူးဂူလမ်က အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသည့် သတင်းထောက်များအား ပြောကြားသည်။ တူရကီနိုင်ငံမှ ဂန်ဂိုရင်ခရိုင်ရှိ သီးခြားနေရာနှစ်ခုတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဆိုးရွားစွာ ဒဏ်ရာရသူများကို သူနာပြုယာဉ်များဖြင့် ဆေးရုံသို့ ပို့ဆောင်နေပုံများကို ရုပ်မြင်သံကြားဌာနက ပြသသွားသည်။

တယ်လီဖုန်းရုံတွင် အသေးစားပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒုတိယအကြိမ် ဗုံးပေါက်ကွဲရာတွင် လူများ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရုပ်မြင်သတင်း၌ ဖော်ပြသွားသည်။

အမ်အင်အေ/ရိုက်တာ။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရှိဆီမိုက်အမျိုးသားဥယျာဉ်တွင် တောမီးလောင်မှုအား လေယာဉ်ဖြင့် ဆေးဖျန်းငြိမ်းသတ်နေသည်ကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုဗီယက်ကွန်မြူနစ်ဝါဒနှင့် နာဇီဖက်ဆစ်ဝါဒကိုတွဲ၍ မကောင်းဆိုးဝါးဟု ဘုရ်၏ ပြောဆိုမှုကို ရုရှား ဝေဖန်

မော်စကို ဇူလိုင် ၃၀

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ဆိုဗီယက်ကွန်မြူနစ်ဝါဒနှင့် နာဇီဖက်ဆစ်ဝါဒတို့သည် မကောင်းဆိုးဝါးများဟု တန်းတူထား၍ ပြောဆိုခြင်းသည် ဒုတိယကမ္ဘာစစ် စစ်ပြန်များကို စော်ကားရာကျသည်ဟု ရုရှားနိုင်ငံက စနေနေ့တွင် ဝေဖန်လိုက်သည်။

ဘုရှ်က နာဇီဖက်ဆစ်ဝါဒနှင့် ဆိုဗီယက်ကွန်မြူနစ်ဝါဒကို တစ်ခုတည်းသော မကောင်းဆိုးဝါးဟု တွဲ၍ပြောခြင်းသည် အမေရိကန်ပြည်ထောင်စု အပါအဝင် ရုရှားနှင့် မဟာမိတ်နိုင်ငံများမှ ဒုတိယကမ္ဘာစစ် စစ်ပြန်များ၏ နှလုံးသားကို နာကျင်စေသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်ပြည်သူများအား ဒီမိုကရေစီ၏ တိုးတက်မှုအပေါ် ၎င်းတို့၏ အာမခံချက်အား ထပ်လောင်းအတည်ပြုရန်နှင့် ကမ္ဘာတစ်ဝန်းမှ လွတ်လပ်မှုကို ကာကွယ်ကြရန် တောင်းဆိုထားသော ဇူလိုင် ၁၈ ရက်က ထုတ်ပြန်သည့် ကြေညာလွှာတွင် သမ္မတဘုရှ်က လက်မှတ်ရေးထိုးထားသည်။

ထိုကြေညာချက်တွင် ၂၀ ရာစုနှစ်က မကောင်းဆိုးဝါးများဖြစ်သော ဆိုဗီယက်ကွန်မြူနစ်ဝါဒနှင့် နာဇီဖက်ဆစ်ဝါဒတို့ ကျဆုံးခဲ့သည်။ ဒီမိုကရေစီနိုင်ငံအသစ်များ ပေါ်ပေါက်လာပြီး ကမ္ဘာတစ်ဝန်း လွတ်လပ်မှုများ ပျံ့နှံ့ခဲ့သည်ဟု ရေးသားထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဘုရှ်၏သဘောထားများသည် အမေရိကန်ပြည်ထောင်စု၏သမိုင်းကို ပြန်ရေးရန် ကြိုးပမ်းမှု၏ အစိတ်အပိုင်းများဖြစ်သည်ဟု ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

တရုတ်နိုင်ငံ ပေကျင်းမြို့ ဝူဒါရှန်ဒေသမှ ကလေးငယ်တစ်ဦး ပေကျင်းအိုလံပစ် အထိမ်းအမှတ်တံဆိပ်ပုံစံဖြင့် ညှပ်ထားသော ဆံပင်ပုံဖော်ထားမှုအား သတင်းသမားနှစ်ဦးက အမှတ်တရ မှတ်တမ်းတင်နေသည်ကို ဇူလိုင် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့်ယူဂန္ဒာကုန်သွယ်ရေး ချောမွေ့စွာဆောင်ရွက်နိုင်ရန် ပူးတွဲဘဏ်ဖွင့်လှစ်မည်

တီဟီရန် ဇူလိုင် ၃၀

အီရန်နှင့် ယူဂန္ဒာနှစ်နိုင်ငံအတွင်း ကုန်သွယ်ရေးနှင့် ပို့ကုန်လုပ်ငန်းများ လွယ်လင့်တကူ ဆောင်ရွက်နိုင်ရန်အတွက် ကမ်ပါလာမြို့တွင် ပူးတွဲဘဏ်တစ်ခုတည်ထောင်ရန် အစီအစဉ်များကို နှစ်နိုင်ငံ အစိုးရများက တနင်္ဂနွေနေ့တွင် ကြေညာကြောင်း ရုပ်မြင်သံကြား အစီအစဉ်တွင် ဖော်ပြသည်။

ယင်းသို့ ဘဏ်ထူထောင်ခြင်းဖြင့် အီရန်မှ ပို့ကုန်တင်ပို့သူများအတွက် ကုန်သွယ်ရေး ဆောင်ရွက်မှုများ ပိုမိုလွယ်ကူလာပြီး ယူဂန္ဒာမှ ကုန်သည်များအတွက် ငွေကြေးအရင်းအမြစ်များ ဖြစ်ထွန်းစေရန် ဆောင်ရွက်ပေးနိုင်သည်ဟု မိမိတို့ ထင်မြင်မိကြောင်း အီရန်ပို့ကုန်ဖွံ့ဖြိုးမှုဘဏ် (အီးဒီဘီအိုင်)မှ အုပ်ချုပ်ရေးမှူး ကူရိုချ်ပါဗီဇီယန်က ပြောကြားသည်။

အီးဒီဘီအိုင်က စီမံကိန်းအတွက် ငွေ ရင်းနှီးမြှုပ်နှံမှု ပေးထားသည်။ အဘယ်ကြောင့်ဆိုသော် ယူဂန္ဒာနိုင်ငံကစီးပွားရေးအရ ဈေးကွက်ဖွင့်ထားသဖြင့် အီရန်ကုမ္ပဏီများကယင်းနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများချဲ့ထွင်လုပ်ကိုင်လျက်ရှိသည်။ ယူဂန္ဒာဘဏ်လုပ်ငန်းမှ စီးပွားရေးအမြတ်အစွန်းများ အတန်အသင့် ရရှိနိုင်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နိုင်ငံတကာ သတင်းများ



ပြင်သစ် နျူကလီးယားဓာတ်အားပေးစက်ရုံမှ ဝန်ထမ်းများ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရ

ပါရီ ဇူလိုင် ၃၀

ပြင်သစ်နိုင်ငံ တောင်ပိုင်းဒေသရှိ နျူကလီးယားဓာတ်အားပေး စက်ရုံတွင် သတိပေးစနစ် ပေါ်ထွက်ခဲ့ပြီးနောက် စက်ရုံမှဝန်ထမ်း ၁၂၀ ကျော်တို့ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း နျူကလီးယားလုံခြုံရေး အာဏာပိုင်က ပြောကြားသည်။

ယင်းစက်ရုံမှ အချက်ပေးစနစ် အလိုအလျောက် မတော်တဆပေါ်ထွက်ခဲ့ကြောင်း၊ သို့ရာတွင် ပြဿနာ၏ ဇစ်မြစ်မဖော်နိုင်မီ လွတ်လပ်စွာ စုံစမ်းစစ်ဆေးမှု၏ အဖြေကို စောင့်ဆိုင်းလျက်ရှိကြောင်း စက်ရုံပိုင်ရှင်က ပြောကြားသည်။

ထရီကက်စတင်း ဒေသတွင် ဝန်ထမ်း ၁၀၀ ခန့် ရေဒီယိုဓာတ်ကြွမှု အနည်းအကျဉ်း သင့်ခဲ့ပြီးနောက် ယူရေနီယမ် ယိုစိမ့်မှု ဖြစ်ပွားခဲ့သည့်နောက် ဖော်ပြပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စက်ရုံမှ ညွှန်ကြားရေးမှူးကမူအဆိုပါဖြစ်ရပ်အား အလေးထားပြောကြားမှုမရှိပေ။

အဆိုပါ စက်ရုံတွင် ရေဒီယိုဓာတ်ကြွမှု မရှိခဲ့ကြောင်း၊ အချက်ပေးစနစ်များ ပေါ်ထွက်လာခဲ့သည်ကို မိမိတို့ သိရှိရကြောင်း ၎င်းက ပြောကြားသည်။

ကြိုတင်ကာကွယ်ရေး အစီအစဉ်အရဝန်ထမ်း ၄၅ ဦးအား စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ဝန်ထမ်းနှစ်ဦးသာ ရေဒီယိုဓာတ်ကြွမှု အနည်းငယ်သင့်ခဲ့သည်ကိုတွေ့ရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။**အမ်အင်အေ၊ ရိုက်တာ။**

အမေရိကန်နိုင်ငံ ဝါရှင်တန် မိုဇက်လိခ်ဒေသတွင် ပေါင် ၃၀၀ အလေးချိန် ရှိသော အာကာသဝတ်စုံသစ် ဝတ်ဆင် စမ်းသပ်နေသည်ကို ဇူလိုင် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေစီးကြောင်းနှင့်အတူ မျောပါသွား၍ ရေကူးသူ လေးဦး ရေနစ်သေဆုံးခဲ့ရ

နယူးယောက် ဇူလိုင် ၃၀

လောင်းအိုင်လင်းဒေသနှင့် နယူးယောက်ကမ်းခြေ သမုဒ္ဒရာရေပြင်မှ ရေစီးကြောင်း၏ သယ်ဆောင်မှုကြောင့် နှစ်ရက်တာအတွင်း ရေကူးသူ လေးဦး ရေနစ်သေဆုံးပြီး လူသုံးဦး စနေနေ့က ပျောက်ဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ လူသုံးဦးထက်မနည်း ကယ်တင်ရရှိခဲ့သည်ဟု ဆိုသည်။

ပျောက်ဆုံးသူများ ကိုနီကျွန်းကမ်းလွန်၌ ရေကူးဆော့ကစားနေ သည့် အသက် ၁၀ နှစ်အရွယ်မိန်ကလေးတစ်ဦးပါဝင်သည်။ ၎င်းမိန်းကလေးနှင့်အတူ လိုက်ပါလာသည့် ၁၀နှစ်အရွယ် ယောကျ်ားလေးကိုမူ ကယ်တင်ရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ရေကူးသူများသည် ရေစီးကြောင်းနှင့်အတူ မျောပါသွားကြခြင်းဖြစ်သည်ဟု အချို့သောအာဏာပိုင်များက ပြောကြားသည်။ လောင်းအိုင်လင်းနှင့် လောင်းဘိချ်ဒေသတွင် လူနှစ်ဦး ရေနစ်သေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးသည်ဟု ရဲတပ်ဖွဲ့မှအရာရှိ ဘရစ်မေယာက ပြောကြားသည်။ **အင်တာနက်။**

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အိန္ဒိယကထောက်ပံ့ပေးရန် စဉ်းစားလျက်ရှိ

ဂျီနီဗာ ဇူလိုင် ၃၀

ကမ္ဘာ့ကုန်သွယ်ရေး သဘောတူညီချက်က စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများအတွက် ဈေးအသင့်အတင့်ပြောင်းလဲမှုများပြုလုပ်ကာ ကမ္ဘာ့ကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုး ပြီးသည့်နောက် လယ်သမားများအား စိတ်ချလက်ချ ကာကွယ်မှုများပေးသည့် အနေဖြင့် အိန္ဒိယနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံ ၁၀၀ အတွက် အထောက်အပံ့ပေးရန် စဉ်းစားလျက်ရှိသည်။ ဂျီနီဗာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပရာတွင် စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ အဆိုပြုမှုအသစ်များ အောင်မြင်မှုမရှိခဲ့ပေ။ အာဖရိက ဖွံ့ဖြိုးမှုအနည်းဆုံးဒေသနှင့် ဂျီ-၃၃ နိုင်ငံများ ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၀၀ တို့အား အိန္ဒိယက ထောက်ပံ့ပေးရန် ကြိုးပမ်းနေသည်ဟု အိန္ဒိယမှတာဝန်ရှိသူတစ်ဦးက ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲဖြစ်သူ ပတ်စကယ်လမ်မီက စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ်သည့် ဈေးကွက်ဆိုင်ရာ အဆိုပြုချက်အသစ်တစ်ရပ်ကို အစည်းအဝေးတွင် ဝေငှခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။ ယင်းအဆိုပြုချက်က အခြေခံသွင်းကုန်များအပေါ် ၁၄၀ ရာခိုင်နှုန်းမြင့်တက်စေမည့် အထူးကာကွယ်ပေးသည့် စည်းကမ်းချက်ပြောင်းလဲရန်ဖြစ်သည်။

ယင်းအဆိုပြုချက်သည် လက်ခံနိုင်စရာမရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် သွင်းကုန်များအပေါ် ဈေးနှုန်း ၄၀ ရာခိုင်နှုန်းတက်လာသဖြင့် နိုင်ငံငယ်လေးများနှင့် ဆင်းရဲနွမ်းပါးသည့်နိုင်ငံများမှ သန်းချီရှိသောလယ်သမားထုအတွက် စားဝတ်နေရေး ဒုက္ခရောက်လာနိုင်သည်ဟု အိန္ဒိယမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဖို့ဒ်မော်တော်ကား ကုမ္ပဏီမှ ထုတ်လုပ်သော တီပုံစံကားများ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲတွင် ပါဝင်ဆင်နွှဲနေကြသူများကို ဇူလိုင် ၂၉ ရက်က အင်ဒီယားနားပြည်နယ် ရစ်ချ်မွန်းမြို့၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရိက္ခာနှင့် ရေနံဈေးမြင့်မှုကြောင့် စားဝတ်နေရေးဆိုးရွားလာဟု ဖိလစ်ပိုင်ပြည်သူများကယုံကြည်

မနီလာ ဇူလိုင် ၃၀

ဖိလစ်ပိုင်ပြည်သူအများစုသည် စားနပ်ရိက္ခာနှင့် ရေနံဈေးနှုန်းများ လွန်ခဲ့သည့်နှစ်အတွင်း မြင့်မားလာမှုကြောင့် ၎င်းတို့၏စားဝတ်နေရေး ပိုမိုဆိုးရွားနေသည်ဟု ယုံကြည်ကြကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

ရေနံနှင့်စားနပ်ရိက္ခာဈေးနှုန်းများ ဆက်လက်မြင့်မားနေချိန်အတွင်း ၎င်းတို့၏လက်ရှိဘဝသည် လွန်ခဲ့သည့် တစ်နှစ်ကထက် ပိုမိုဆိုးရွားသည်ဟု ၇၅ရာခိုင်နှုန်းသော ဖိလစ်ပိုင်ပြည်သူများက ပြောကြားကြကြောင်း ဖိလစ်ပိုင်ပြည်သူများ၏ ဘဝနှင့်အမျိုးသားစီးပွားရေးအမည်ရှိ စစ်တမ်းတွင် ယင်းသို့ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါစစ်တမ်းကို ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ ပြည်သူ ၁၂၀၀ခန့်အား ဇူလိုင် ၁ရက်မှ ၁၄ရက်အတွင်း တွေ့ဆုံစာရင်းကောက်ယူ ပြုစုခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

"(၁၅)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ"

လေးစားအားကိုးရပါသော ချစ်ဖေဖေ **ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း** (နေပြည်တော်ပျဉ်းမနား)နှင့် မြတ်နိုးတွယ်တာရပါသော ချစ်မေမေ **ဒေါ်အေးအေးခိုင်** (လ. ဝ. က-ငြိမ်း) တို့၏ ၁-၈-၂၀၀၈ ရက်တွင် ကျရောက်သော (၁၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုသို့တိုင် ပျော်ရွှင်ချမ်းမြေ့စွာ ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း ချစ်သားသမီးများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - ခိုင်သဇင်နိုင်ဝင်း
(Grade-X၊ ထ-၁၊ နေပြည်တော်ပျဉ်းမနား)
ချစ်သားလတ် - ရဲသင့်ရန်
(Grade-VI၊ ထ-၅၊ တောင်ညို)
ချစ်သမီးငယ် - အိဖြူစင်နိုင်ဝင်း
(Grade-III၊ ထ-၅၊ တောင်ညို)
ချစ်သမီးထွေး - ဆောင်းဟေမာန်နိုင်ဝင်း (ဆောင်းလေး)

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ Supervisor	ကျား/မ	(၅)ဦး
၂။ Q / C	မ	(၅)ဦး
၃။ အထည်ချုပ် (Operator)	မ	(၂၅)ဦး
၄။ စက်ပြင်	ကျား	(၁)ဦး

စိတ်ဝင်စားသူသည် ကြော်ငြာပါသည့် ရက်မှစ၍ (၁၀)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ် မိတ္တူတို့နှင့်အတူ အောက်ပါ လိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

CENTRAL STAR CO.,LTD.
No.21, 1st Floor(Right), 89th Street,
Mingalar Taung Nyunt Township, Yangon.

DUAL TECH
အင်ဂျင်နီယာသင်တန်းများ

- ✦ အဲယားကွန်း၊ ရေခဲသေတ္တာ ပြုပြင်တပ်ဆင်ခြင်း
- ✦ မော်တော်ကား စက်ပြင်နှင့် ဝါယာရိန်းသင်တန်း
- ✦ လျှပ်စစ်နှင့် မော်တာ၊ ထရန်စဖော်မာ သင်တန်း
- ✦ အီလက်ထရောနစ် နှင့် တီဗွီ၊ ဗွီစီဒီ၊ ဒီဗွီဒီ သင်တန်း
- ✦ ဂဟေဆက်နှင့် ပိုက်ဖစ်တာ သင်တန်းများ
- ✦ စက်ရုံ၊ အလုပ်ရုံ မော်တာ ထိန်းချုပ်မောင်းနှင်ခြင်း
- ✦ AutoCAD (2D & 3D, Rendering)
- ✦ P.L.C, P.I.C & CNC Programming
- ✦ Engineering Civil (B.C, Drawing & Estimates, R.C, Survey)
- ✦ Computer Courses (Basic, DTP, Graphic Design)
- ✦ English Courses (Grammar, Spoken, 4 Skills, IELTS)

ပြည်လမ်း၊လမ်းသစ်လမ်းနှင့် မင်းဓမ္မလမ်းထောင့် (စော်ဘွားကြီးကုန်းမီးပွိုင့်အနီး)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ☎ : 727293, 09 8500312.

မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မဒါနသင်တန်း

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋ္ဌိပတ္တိ မဟာဌာနတွဲဖက် ပါမောက္ခ ဒေါက်တာလှမြင့်သည် ဩဂုတ် ၉ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီ မှ ၁၁ နာရီအထိ ဗုဒ္ဓဘာသာ တရားတော်များကို အင်္ဂလိပ်လိုရေးနိုင်၊ ပြောနိုင်ရန်နှင့် သာသနာပြုလုပ်ငန်းများတွင် ဆွေးနွေးဟောပြောနိုင်စေရန်ရည်ရွယ်၍ အင်္ဂလိပ်-မြန်မာ တွဲဖက်ဓမ္မဒါန သင်ကြားမည်ဖြစ်သည်။ သင်တန်းကို အင်္ဂလိပ်စာနားလည်သူတိုင်း မည်သူမဆို တက်ရောက်နိုင်ပြီး ဖွင့်ပွဲကို ဩဂုတ် ၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သိရှိလိုသည်များကို အသင်းချုပ် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

၁၉၈၄-၉၄ ပညာသင်နှစ် မန္တလေးဆေးတက္ကသိုလ်ဝင် ကျောင်းသား/ကျောင်းသူဟောင်းများသို့

၁၉၈၄-၉၄ ပညာသင်နှစ်တွင် အမိဆေးတက္ကသိုလ် မန္တလေးသို့ တက်ရောက်ခဲ့ကြသော ကျောင်းသား/သူဟောင်းများ၏ (၂၅)နှစ်ပြည့် ငွေရတု အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်ရှိ သူငယ်ချင်းများမှ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ -

မန္တလေး	ရန်ကုန်
ဒေါက်တာကျော်ကျော်ဦး-၀၉၂၀၀၃၆၅၉	ဒေါက်တာနိုင်ဝင်း-၀၉၅၁၁၅၅၅၅
ဒေါက်တာချစ်ပန်-၀၉၂၀၀၂၆၃၇	ဒေါက်တာစိုးသူအောင်-၀၉၅၁၂၄၂၈၁
ဒေါက်တာဇော်ဇော်-၀၉၂၀၂၇၀၇၈	ဒေါက်တာထွန်းမြင့်ဝင်း-၀၉၅၀၁၄၈၈၃
ဒေါက်တာတင်ထူးအောင်-၀၉၂၀၁၉၅၇၁	ဒေါက်တာဝေဝေရင်-၀၉၅၀၁၁၀၀၄၊ ၀၁၆၅၀၀၅၁
ဒေါက်တာစိုင်းဖုန်းကျော်-၀၉၅၁၅၄၃၇၆	ဒေါက်တာသင်းယုဇော်-၀၉၅၁၆၇၆၇၃
ဒေါက်တာစန္ဒာသိန်း-၀၉၂၀၁၀၈၆၄	ဒေါက်တာဝါဝါစိန်-၀၉၅၀၂၀၂၂၀
ဒေါက်တာမိုးလှိုင်-၀၉၅၁၂၃၇၈၃	

သနတ္တန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၃၁

သနတ္တန ဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်ကကြီးမှူး၍ ကမ္ဘာအေးကုန်းမြေ ကျောင်းဆောင်သစ်၌ သီတင်းသုံးတော်မူကြကုန်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာတော် ၃၁၇ ပါးတို့အား တစ်နေ့တာ ဆွမ်းကပ်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၃ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မိုးကုတ်ဆွမ်းစားကျောင်း ကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသော ဟိန္ဒူမိသားစုများသည် သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၁၂၀၀၀၊ ဆွမ်းအတွက် အနည်းဆုံး ငွေကျပ် ၈၀၀၀ ကို နာယက ဦးကြည်မင်း ဖုန်း-၅၂၅၁၆၅ ဦးစိုးဝင်း ဖုန်း-၂၄၂၇၅၁၊ ဦးထွန်းလင်း ဖုန်း-၀၉၅၁၈၂၃၇၉၊ Shri Sarvan Kumar Bajoria Ji ဖုန်း-၀၉၅၁၀၈၅၄၁၊ Shri R.K.Ananda Ji ဖုန်း-၀၉၅၀၀၀၄၅၃နှင့် ShriT.K. Paul Ji ဖုန်း-၂၄၅၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန် အနောက်ပိုင်းခရိုင် ငယ်ရွယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အမက(၃၀) လှိုင်ကျောင်း အုပ်ဆရာမကြီး တို့ ကြီးမှူး၍ ပထမအကြိမ် လူငယ်ယဉ်ကျေး လိမ္မာတရားပွဲကို ဇူလိုင်

၂၉ ရက်က အမက (၃၀)လှိုင်၌ ကျင်းပရာ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း ပြည်ပ သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်ဝိသုဒ္ဓရံသီက ယဉ်ကျေးလိမ္မာတရားတော်များ ဟောကြားတော်မူစဉ်။ (၅၄၃)

ဧဝ
မျိုးစုံ
မျိုးကွဲ
တွေ
ကြွယ်
စေဖို့
သဘာဝ
တော
တွေ
ထိန်း
သိမ်း
စို့

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၃၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၅၁ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၄ ဒသမ ၀၅ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ဖျာပုံမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၃၅ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၂၇ လက်မနှင့် ဂွမြို့တွင် ၂ ဒသမ ၈၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၁ ရက် ညနေထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကရဏာ Hip Hop ပွဲတော် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံ ဂီတအစည်းအရုံးက စီစဉ်တင်ဆက်သည့် ကရုဏာ Hip Hop ပွဲတော်ကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ဝင်ကြေးကို ငွေကျပ် ၈၀၀၀ နှင့် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး ယင်းပွဲတော်အတွက် ရရှိသမျှငွေများကို မြန်မာနိုင်ငံ ဂီတအစည်းအရုံးကဦးဆောင်၍ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်သည်။

ထိုပွဲတွင် တင်ဆက်မည့် Hip Hop တေးသံရှင်များမှာ မျိုးကျော့မြိုင်၊ အနဂ္ဂ၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ရသ၊ ဘာဘူ၊ သားစိုး၊ J Me ၊ စောညီညီ၊ ကြက်ဖ၊ Ontrack ၊ ချစ်စိုး၊ ဂျောက်ဂျက်၊ လင်းရာ၊ လင်းပင်ဟိန်း၊ ယုန်လေး၊ ဘိုလေး၊ ချမ်းအေးဝင်း၊ ကောင်းမြတ်၊ ကျော်သူစိုး၊ လင်းလင်း၊ Ah Boy ၊ ကျော်ထွဋ်ဆွေ၊ Examplez၊ Too Big၊ Wai လျှံ၊ ထိန်ဝင်း၊ John၊ SZ၊ G-Family၊ ဇာနည်၊ Elliott၊ Radiant Family၊ ငယ်ငယ်၊ သဇင်၊ ရေဗက္ကာဝင်း၊ No၊ Jenny၊ သီရိဆွေ၊ ဝိုင်းစုခိုင်သိန်း၊ နန်းဆုရတီစိုး၊ ပြည့်ဖူးခိုင်၊ စန္ဒီမြင့်လွင်၊ Blueberry တို့ဖြစ်ကြသည်။

လက်မှတ်များကို ကိုကိုညီညီ Beauty Sallon ဆရာစံလမ်း၊ ဒဂုံစင်တာ၊ စိန်ဂေဟာ၊ လပြည့်ဝန်းပလာဇာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ မန်းသီရိတေးသံသွင်း၊ ကျောက်မြောင်းစတိုး၊ Hyper Mart (သာကေတ)တို့၌ ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၁ (၈၆ ဒီဂရီဖာရင်ဟိုက်) ၃၀-၇-၂၀၀၈ ဒီဂရီစင်တီဂရိတ်

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၅ (၆၇ ဒီဂရီဖာရင်ဟိုက်) ၃၁-၇-၂၀၀၈ ဒီဂရီစင်တီဂရိတ်

၀၉း၃၀ နာရီအချိန်စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၃၁-၇-၂၀၀၈

နေပူသည့်နာရီပေါင်း (၂ ဒသမ ၇)နာရီခန့် ၃၀-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၁-၇-၂၀၀၈	၁၈ မမ (၀ဒသမ၇၁လက်မ)	၅၅ မမ (၂ဒသမ၁၆လက်မ)	၁၀၃ မမ (၄ဒသမ ၀၅လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၅၈၉ မမ (၆၂ဒသမ၅၆လက်မ)	၁၈၃၂မမ (၇၂ဒသမ၁၂လက်မ)	၂၂၁၈မမ (၈၇ဒသမ ၃၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၀-၇-၂၀၀၈ နေ့ ၁၇း၃၀ နာရီတွင် အနောက်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

The LIVE NEWS ဂျာနယ် အမှတ်(၉၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၁

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၉၁)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ဗိုလ်ချုပ်ရွာရောက် စာပေဟောဆရာကြီး၊ မြင်းမူမောင်နိုင်မိုး၏ အတတ်ပညာ၊ သားနှင့်မိဘ၊ နီမင်းဆွေ၏ သိုးတို့ရဲ့ ငြိမ်းချမ်းရာနယ်မြေ(၃)၊ ကိုကိုလှိုင်၏ ကိုယ်ယောင်မဖျောက်နိုင်တော့သည့် ပျောက်စေဆရာကြီး ကာရာဇစ်၊ အာရှမိုး၏ အထွေထွေရွေးကောက်ပွဲနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အနာဂတ်မျှော်မှန်းချက်၊ မောင်မြတ်မွန်(ဆူးလေ)၏ သံသုမာလမ်းကိုအခြေခံထားတဲ့ ရန်ကုန်မြို့တော်ပတ်လမ်း(၂)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ မုန်တိုင်းမျိုးစုံအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ပျော်ရွှင်(ဆိပ်ဖြူ)၏ ကလေးများအခွင့်အရေး အထူးအလေးထားကြပါစို့၊ မြင့်ဦးကို(ဓာတ်မှန်ကျွမ်းကျင်)၏ ရောဂါရှာဖွေရေးဓာတ်မှန်စက်များ၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် သွေးသစ္စာသမား၊ ပရိသတ်ကို တရုတ်တန်းကစောင့်နေမယ့် Ah. Boy နှင့် တွေ့ဆုံခြင်း၊ တနင်္သာရီတိုင်းတွင် မွေးမြူထားသော ရေမှော်ကို တောင်ကိုရီးယားသို့ တင်ပို့မည်၊ ရုရှားကကျူးဘားတွင် ဗျူကလီးယားဗုံးကြဲလေယာဉ်များ ဆင်းသက်ဆီဖြည့်ရန်စီစဉ်မည်ဟုဆို၊ လူဦးရေတိုးပွားရေးအတွက် ကြိုးစားလှုံ့ဆော်လာတဲ့ ရုရှား၊ ထိုင်း-ကမ္ဘောဒီးယားနယ်စပ်အငြင်းပွားမှု နှစ်နိုင်ငံတွေ့ဆုံဖြေရှင်းမည်၊ ပါကစ္စတန်-အာဖဂန်နယ်စပ်အရေး အမေရိကန်ဖိအားပေး၊ ပင်လယ်ပျော်မင်းသား အပိုင်း(၁၇/၁၈)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း(၁၈/၁၉)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃ လ-၁၃ စောင် ငွေကျပ် ၅၈၅၀၊ ၆ လ ၂၆ စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀)၊ အခန်း(၀၀၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်-၅၅၊ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆည်ရေလှောင်တမံများအတွင်း ငါးမျိုးများစိုက်ထည့်ပေး

နေပြည်တော် ဇူလိုင် ၃၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ဆည်ရေလှောင်တမံများအတွင်း ငါးမျိုးများ စိုက်ထည့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနား ရေဆင်းရှိ ရေဆင်းဆည်၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသော ငါးမျိုးများစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ငါးကြင်းဖြူ၊ ငွေရောင်ငါးကြင်း စသည့် ငါးမျိုးစုစုပေါင်း ခုနစ်သိန်းကျော်တို့ကို မျိုးစိုက်ထည့်ပေးကြသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ငါးမျိုးများ မျိုးသုဉ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရန်အတွက် ဆည်ရေလှောင်တမံများ၊ သဘာဝရေပြင်များ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ ငါးမျိုးများ စိုက်ထည့်ပေးခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ နေပြည်တော် အနီးတစ်ဝိုက်တွင် ရှိသည့် ဆည်ရေလှောင်တမံနှင့် ကန်များ၌လည်း ငါးမျိုးများကို နှစ်စဉ် ငါးသားပေါက်ကောင်ရေသိန်း ၁၀၀ခန့် မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

AFC Challenge Cup ဘောလုံးပြိုင်ပွဲ မြန်မာက နီပေါကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၃၁

၂၀၀၈ခုနှစ် ဒုတိယအကြိမ် AFC Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် အိန္ဒိယနိုင်ငံ ဟိုင်ဒရာဘတ်မြို့၌ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းက ပွဲဦးထွက်အနိုင်ရရှိသွားသည်။

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် နီပေါနိုင်ငံလက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း ၆၆မိနစ်တွင် ရာဇာဝင်းသိန်းက ပထမဂိုးကိုလည်းကောင်း၊ ၇၆မိနစ်တွင် မျိုးမင်းထွန်းက ဒုတိယဂိုးကိုလည်းကောင်း၊ ၈၆မိနစ်တွင် စိုးမြတ်မင်းက တတိယဂိုးကိုလည်းကောင်း အသီးသီးသွင်းယူကြသည်။

ဩဂုတ် ၂ ရက် ညနေပိုင်းတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် သီရိလင်္ကာအသင်းတို့ အုပ်စုဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ယနေ့ဆောင်းပါးအညွှန်း

အေးဖြူ၏ "မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"
(ဆောင်းပါး) စာမျက်နှာ(၆)

တင်ဝင်းလေး (ကြည့်မြင်တိုင်)၏ "ပျံ့သန်းနေသော ရောင်စဉ်များဖြင့် အလှဆင်ထားသော ဓာတ်ပုံပြပွဲ"
(သတင်းဆောင်းပါး) စာမျက်နှာ(၈)



၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော် နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲဝင် အားကစား သမားများက အရှိန်အဟုန်မြှင့်၍ လေ့ကျင့်လျက်ရှိကြရာ "ရေခဲတုံး" ဟု အမည်ပေးထားသည့် အမျိုးသား ရေကူးပြိုင်ပွဲရုံ၏ ရေကူးကန်အတွင်း လေ့ကျင့်နေကြသည့် ရေကူးနှင့် ဒိုင်ဗင် အားကစားသမားများ၏ ရေအောက်မြင်ကွင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*